ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက်
မေဓာဘိဓံသ သဒ္ဓမ္မဇောတိကမဟာဓမ္မရာဇာဓိရာဇဂုရု
ပြည်ဆရာတော်

ရေးသားပြုစီရင်အပ်သော

(ငါးရင့်ငါးဆယ်)

ဇာတ်ပျိုတော်နိသယ

ပထမအုပ်

(ကေကနိပါတ်အစ-တိုကနိပါတ်အဆုံး)



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၂၉ ကောဇော-၁၃၄၇ ခရစ်-၁၉၈၅

၁၈၁၀၉

ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက်
မေဓာဘိဝံသ သဒ္ဓမ္မဇောတိကမဟာဓမ္မရာဇာဓိရာဇဂုရု
ပြည်ဆရာတော်
ရေးသားပြုစီရင်အပ်သော
(ငါးရာ့ငါးဆယ်)

ဇာတ်ပါဠိတော်နိဿယ

ပထမအုပ်

(ကကနိပါတ်အစ-တိုကနိပါတ်အဆုံး)



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၂၉ ကောဇာ-၁၃၄၇ ခရစ်-၁၉၈၅

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာမေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ဝ၂၄၀၅/ဝ၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

မဟာဘိဝံသသဒ္ဓမ္မဝေမဟာဓမ္မရာဇာဓိရာဇဂုရု၊

ညောင်ကန်ဆရာတော်

ရေးသားပြုစိရင်အပ်သော

{ ငါးရာ့ငါးဆယ် }

ဇာတ်ပါဠိတော်ဝန်သျှင်။

{ ပဌမအုပ် }

ပါဠိဆရာဦးဖြေ-ကြိုးကြပ်ဖြင်ဆင်ပုံရိုက်သည်။

၁၂၆၉ ခု။ဝါးခါင်လ။

ရန်ကုန်မြို့။

၂၅ လမ်းစဆုံတန်း-တိုက်နံပါတ် { ၁၇-၁၈ }

ပြည်ကြီးမဏ္ဍိုင်-ဝိဇ္ဇကတ်ပုံနှိပ်တိုက်။

1907.

121

(ကျမ်းဦးမှတ်ဖွယ်)

နိဒါန်း

ဗုဒ္ဓ၏ ဒေသနာ အပြား

သတ္တဝါမှန်သမျှတို့သည် ငါးမန်း, လှိုင်း, ဝဲ စသော ဘေးအန္တရာယ်အမျိုးမျိုး ထူပြောလှသည့် လမ်းမဆုံး ကမ်းမမြင် သမုဒ္ဒရာပင်လယ် ပြင်သို့ ကျရောက်နေသည့်အလား သံသရာပြင်သို့ ကျရောက်မျောပါး၍ နေကြရာ ညည်။ ထိုဒုက္ခိတသတ္တဝါတို့အား ဆိပ်ကမ်းနှင့်တူသော နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ တိုင်အောင် ကယ်တင်မည်ဟူသော အဓိကာရဆန္ဒဇော်ပြင်းလှန်းသောကြောင့် ဒီပင်္ကရာဘုရားရှင် လက်ထက်မှစ၍ တစ်ကမ္ဘာ နှစ်ကမ္ဘာအား ဖြင့် ရေတွက်သော် ကမ္ဘာပေါင်း လေးသောင်းတိုင်အောင် ပါရမီဟူသမျှ အကြွင်းအကျန် မရှိ အံ့မခန်းနိုင် မတုပ မယှဉ်သာနိုင်အောင် ဖြည့်ကျင့် ဆည်းပူးတော်မူပြီးမှ ပုဒိအာ ဟူသော သဗ္ဗညုတ ဉာဏ်တော်မြက်ကို ရရှိတော်မူသော ဂေါတမရှင်တော်မြတ်ဘုရားသည် ယင်းဉာဏ်တော်သုံးပါးကို ရရှိပြီးခြိန်မှစ၍ (ဗုဒ္ဓဂ်စွ) အဆုံးအမ-သာသနာကိစ္စ လူနတ်ဗြဟ္မာ သတ္တဝါတို့ဒေသ ဓမ္မရေးရာ အမှုန်တရားဟောကြားပြသမှု ကိစ္စမျှားနှင့်သာ အချိန်ကို ကုန်ဆုံးစေတော်မူခဲ့ရာ သက်တော်ရှစ်ဆယ်တွင် ခန္ဓပရိနိဗ္ဗာန် ပြုတော်မူခဲ့လေသည်။

ဗုဒ္ဓသက်ကာမ်းအနေအားဖြင့် လေးဆယ့်ငါးနှစ်တာမျှသာ ဖြစ်၍ ကြာမြင့်သည်ဟုမဆိုနိုင်ပဲ အလွန်ဘိုတောင်းသော နှစ်ပရိစ္ဆေဒမျှသာ ဖြစ်သည်။ ထိုသို့ နှစ်ပရိစ္ဆေဒအရေအတွက် နည်းပင်နည်းငြားသော်လည်း လေးဆယ့်ငါးနှစ်တာ ကာလအတွင်းမှာ လွန်ခဲ့သည့် ကမ္ဘာလေးသောင်းနှင့် တင်းလောက်က ရည်မှန်းဆုံးဖြတ်တော်မူခြင်းအတိုင်း မဟာကရုဏာတော်ဖြင့် အမှုန်တရားကို ဟောပြောကယ်တင်တော်မူသောကြောင့် ကျတ်တမ်းဝင်သော ဒုက္ခိတသတ္တဝါတို့မှာကား သခွေ်မက အသခွေ်ယျ မရေတွက်နိုင်အောင်ပင် ရှိပေသည်။

ထိုသို့ မြက်စွာဘုရားရှင်သည် လေးဆယ့်ငါးနှစ်ပတ်လုံး လူနတ်ဗြဟ္မာသတ္တဝါတို့အား ဟောကြားဆုံးမ ပညတ်အပ်သော တရားဒေသနာတို့သည်လည်း သံသရာမှ လွတ်မြောက်ခြင်း တခုတည်းသော အနှစ်သာရကိုသာ ဦးတည်ချက်ရှိပေသည်။ ဘုံကြောင့် မြက်စွာဘုရား ဟောကြားတော်မူသော ထိုထိုပဋိဂ္ဂဟဗုဒ္ဓဝစနတို့သည် "ဝိမုတ္တိရသ" အားဖြင့် တမျိုးတည်းသာ ဖြစ်၏။ ယင်းတမျိုး

တည်းမှ အာဆင့်ဆင့်ခဲ့ချလျှင် ဓမ္မ, ဝိနယအားဖြင့်နှစ်ပါး၊ ပဌမ ဗုဒ္ဓဝစန, မဇ္ဈိမ ဗုဒ္ဓဝစန, ပစ္ဆိမ ဗုဒ္ဓဝစနအားဖြင့် သုံးပါး၊ ပိဋကအားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ်၊ အင်္ဂါအားဖြင့် ကိုးတန်၊ မမ္မကွန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် တည်ပို့ပေသည်။

ဇာတ်ပါဠိတော် ပါဌဇာတ်ပါဠိတော်

ဗုဒ္ဓကိုယ်တော်ဘိုင် ဓဟာကြွားဒတာ်မှသည့် ဗုဒ္ဓဝစနပို့ဘွင် ဇာတ်ပါဠိတော်သည် မမ္မ,ဝိနယ နှစ်မျိုးအနက် ဓမ္မပါဝင်သည်။ ဝစနသုံးပါးတွင် မဇ္ဈိမ ဗုဒ္ဓဝစနဖြစ်၍ ပိဋကသုံးသွယ်တွင် သုတ္တန်ပိဋက ဖြစ်ပေသည်။ နိကာယ်ငါးရပ်တွင် ခုဒ္ဒကနိကာယ်၌လည်းကောင်း၊ အင်္ဂါကိုးဘန်တွင် ခုနစ်ခုမြောက် "ဇာတက" ဟူသော အင်္ဂါ၌လည်းကောင်း ပါဝင်၏။ မမ္မကွန္ဓာဘို့ဘွင် နှစ်သောင်းတထောင်ရှိသော အဒ္ဓိအစုထဲ၌ ပါဝင်သည်။

"ဇာတ်ပါဠိတော်" ဟူသော စကားရပ်၌ ' 'ဇာတ် "ဟူသော အခေါ် အခေါ်သည် "ဇာတက" ဟူသော ပါဠိမှ ဆင်းသက်သော ပါဠိသက် ဝေါဟာရဖြစ်ပါသည်။ ဇာတက-၏ အဓိပ္ပာယ်ပုံစံ (ဇာတ+ကော။ ကေသဒ္ဒေ) "ဇာတံ ကိယတိ ကဆိယဘိ ဇေတနာတိ ဇာတကံ"။ ဇေတန၊ ကျိုကားဖြင့်။ ဇာတံ၊ ဖြစ်ဘူးလေပြီးသောအဖြစ်ကို။ ကိယတိ ကထိ ယတိ၊ဆိုအပ်၏။ကွတိ၊ ထို့ကြောင့်။ ဇာတကံ၊ ဇာတ်မည်၏– ဟု ဇာတကဝိသေသနိကျမ်း ဝိဂြိုဟ်အရ အတိတ်ကဖြစ်ဖူးသော အဖြစ်အပျက်ကို ပြောဆိုသော အကြောင်းအရာ-ဟု အဓိပ္ပာယ်ရှိသည်။

ထို့ပြင်– "ဇာတံ ဘူတံ ပုရာဝုတ္ထံ ဘာဝဒတာ ပုဗ္ဗစရိတံ ကာယတိ ကထေတိ ပကာသေတီတိ ဇာတကံ"ဟု သာရတ္ထဒီပနီဋီကာ ပထမအုပ် (၁၀၇)၌လည်း ဖွင့်ဆိုပါသေးသည်။ ထိုဖွင့်ဆိုချက်အရ ဖြစ်ခဲ့ဖူးသော ရှေးကနေခဲ့ဖူးသော မြတ်စွာဘုရား၏ ရှေးက အကျင့်ကို ပြတတ်သောကြောင့် ဇာတ်မည်၏ဟုလည်း အနက်အဓိပ္ပာယ် ရှိပါသည်။ သဘောချင်းအတူတူပင် ဖြစ်သော်လည်း သာရတ္ထဒီပနီဋီကာဆရာ၏ ဖွင့်ဆိုချက်ကပို၍ ပေါ်လွင်ထင်ရှားစေပါသည်။

"ပါဠိတော်" ဟူသော အခေါ်သည်လည်း ပါဠိမြန်မာ ထောနှာ တဲ့စပ်၍ခေါ်ဆိုထားသော စကားဖြစ်သည်။ ပါဠိ–၏ အဓိပ္ပါယ်မှာ မြတ်စွာဘုရား၏ နှုတ်တော်မှ ထွက်သော စကားအစဉ်ကို ပါဠိ-ဟု ခေါ်သည်။ ယင်းစကားတော်များကို မာဂဓဘာသာဖြင့် ရေးသားထားသည့် စာပေများကိုလည်း ပါဠိ-ဟု ခေါ်ဆိုပေသည်။ယင်းဘုရားစကားတော်(ပါဠိ)နှင့် အခြားသောပါဠိဘာသာ= မာဂဓဘာသာများဖြင့် ရေးသားထားသော အဋ္ဌကထာ, ဋီကာစသော်ကျမ်း

များသည် မတူကွဲပြားခြားနားသည်ကို ထင်ရှားစေလိုသည့်အတွက် ပါဠိ-ဟူသော ပုဒ်၏နောက်၌ "တော်"ဟု ရိုသေသမှု အမှန်အမြတ်ပြုလျက် မြန်မာအခေါ်သက်သက်ဖြင့် တွဲဖက်ကာ "ပါဠိတော်"ဟု ရှေးရှေးကပင် အစဉ်အလာအရ ခေါ်စမှတ်ပြုခဲ့ကြခြင်း ဖြစ်ပေသည်။

ထိုဘုရားအလောင်းတော်၏ ဖြစ်စဉ်အကြောင်းအရာဖြစ်သော ဇာတ်ပါဠိတော်ကို ပါဠိဇာတ်ပါဠိတော် ဟူ၍လည်း ရှေးဆရာ့ဆရာ အဆက်ဆက်က ရေးသားခေါ်ဆိုမှု ပြုခဲ့ကြသဖြင့် ပါဠိဇာတ် ဟု အမည်တမျိုး ဖြစ်ပေါ်လာခဲ့သည်။ ဇာတ်ပါဠိတော်နှင့် ပါဠိဇာတ်ပါဠိတော်သည် အတူတူပင် ဖြစ်ပေသည်။ ပါဠိဇာတ်ဟု ခေါ်ဆိုရေးသားမှု၌ ပါဠိ ဟူသော ပုဒ်သည် (ပဋ+ဏ)ရွတ်ဖတ်ခြင်း, ဖတ်စာ, ပါဋိဟု အနက်သုံးမျိုးရှိ၍ ဤနေရာ၌ ရွတ်ဖတ်ခြင်း ဖတ်စာဟူသော အနက်ကို ယူသင့်ပေသည်။ ထို့ကြောင့် ပါဠိဇာတ်ဟူသည် ဖတ်သင့်မှတ်သင့်စေအပ်သော (ဘုရားအလောင်းတော်၏) အဖြစ်အပျက် ဇာတ်လမ်း (ဝတ္ထု)ဟု ဆိုအပ်ပေသည်။

ဇာတ်တော်ဟောကြားပုံ

ဇာတ်ပါဠိတော်ကို ဂါထာ တပုဒ်ဖြင့်လည်းကောင်း၊ ဂါထာများစွာဖြင့်လည်းကောင်း တန်ဆာဆင်၍ အကြောင်းအာရုံလျော်စွာ ဘုရားကိုယ်တော်တိုင် ဟောကြားတော်မူပါသည်။ ဇာတ်တော်ကို ဟောကြားတော်မူရာ၌ မြတ်စွာဘုရားသည် (နိဗ္ဗဒ·ဝါ)အမြဲသီတင်းသုံးရာ ဇေတဝန်ကျောင်းတော်၌ အဟောများ၍ အချို့ဇာတ်တော်များကို ဝေဠုဝန်ကျောင်း စသည်၌ လည်းကောင်း၊ ရွာကြီး ရွာငယ် အသွယ်သွယ်၌လည်းကောင်း၊ ဒေသစာရီကြွမြန်းတော်မူမှုဉာဏ် ခရီးအကြား လမ်းခုလပ်၌လည်းကောင်း အလျဉ်းသင့် အကြောင်းပေါ်လာသလို အချိန်အခါ ဒေသမရွေး ဟောတော်မူခဲ့ပါသည်။

မြတ်စွာဘုရားသည် အခြောင်းတိုက်ဆိုင်၍ ဇာတ်တော်များကို ဟောကြားတော်မူသည့်အခါ၌ ကိုယ်တော်မြတ်၏ ရှေ့ကဖြစ်ဖူး တွေ့ကြုံဖူး နေခဲ့ဖူးသော ဘဝများစွာထဲက ဆီလျော်သော ဘဝဖြစ်စဉ် အပ္ပဟုပ္ပတ်ဇာတ်ကိုသာ ပုဗ္ဗေနိဝါ-သာနုဿတိဉာဏ်ဖြင့် ဆင်ခြင်၍ ရွေးချယ်ကာ ဟောတော်မူခြင်းဖြစ်ပေသည်။ အမှန်စင်စစ်မူကား လေးသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်ကပင် ဖြည့်ကျင့်ဆည်းပူးခဲ့သော ဗုဒ္ဓလောင်းလျာ၏ ဟဝဇာတ်တော်များသည် ဂဏန်းပြ၍ ရေတွက်ကုန်နိုင်ဖွယ်မရှိအောင် များပြားမည်ပင်ဖြစ်၏။ ထိုသို့မကုန်ခန်းနိုင်သော ကိုယ်တော်မြတ်၏ အတိတ်ဘဝဖြစ်စဉ်များကို ကိုယ်တော်တိုင် သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့်

ဆင်ခြင်တွေးထင် သိမြင်တော်မူလင့်ကစား အနီးစပ်ဆုံးကမ္ဘာမှ ဖြစ်နည်ဘဝ တခုစီကိုသာ အကြောင်း(နိဒါန်း)အားလျော်စွာ ဆင်ခြင်၍ ဟောတော်မူခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ငါးရှဉ့်ငါးဆယ် ဇာတ်တော်များတွင် ဤဘဒ္ဒကမ္ပာက ဘုရားလောင်းဘဝ ဖြစ်စဉ်များကိုသာ ဟောကြားတော်မူသော ဇာတ်ကများ၍ ဤဘဒ္ဒကမ္ပာအထက်ကဖြစ်သော ဇာတ်က အနည်းငယ်မျှသာ ရှိပေသည်။ ထို အကြောင်းကို သတင်းဒီကပုစ္ဆာ ဝိသဇ္ဇနာကျမ်း၌ မန်လည်ဆရာဘေဘီကြီးက "ဇာတ်ငါးဇာတ်သာ ရှေးကမ္ဘာ၌ဖြစ်သည်။ ကြွင်းသောဇာတ်တို့ကား ဤကမ္ဘာ၌သာ ဖြစ်ကုန်၏"ဟု ရေးသား ဖြေဆိုထားခြင်းကို တွေ့ရပေသည်။

ဗုဒ္ဓလောင်းလျာ၏ ဖြည့်ကျင့်စဉ် ဇာတ်တော်များသည် စရိယဂုဏ်တော်များဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ်၏ ဂုဏ်တော်သည် အနန္တ အဆုံးအပိုင်းအခြားမရှိ ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်မြတ်၏ စရိယဂုဏ်တော်များကို ကုန်ဆုံးအောင် ဗုဒ္ဓကိုယ်တော်တိုင်ပင် ဟောကြားပြသရန် ဗဟုသုတများပြားလှပေသည်။

ဇာတ်တော်များစီစဉ်ပုံ

ပြဆိုခဲ့သည့်အတိုင်း မြတ်စွာဘုရားသည် ဇာတ်တော်များကို ဂါထာတစ်ပုဒ် နှစ်ပုဒ်စသည် မသတ်မှတ်ပဲ အလျဉ်းသင့်သလို ဟောတော်မူသော ဇာတ်တော်များစွာတို့ကို ဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက်(ပဉ္စသတိက)ရဟန္တာငါးရာ ပဌမသင်္ဂါယနာ တင်သောအခါကျမှ သင်္ဂါယနာဝင် ဓမ္မဓရတို့က ဂါထာတစ်ပုဒ်သာရှိသော ဇာတ်များကို ဧကကနိပါတ်ဟုလည်းကောင်း၊ ဂါထာနှစ်ပုဒ်ရှိသော ဇာတ်များကို ဒုကနိပါတ်ဟူ၍လည်းကောင်း ဤသို့စသည်ဖြင့် ဂါထာပေါင်း ထူ·ထောင်ရှိသည့် မဟာနိပါတ်ဘိုင်အောင် ရွေးချယ်ကန့်သတ် အမည်တပ်ကာ သင်္ဂါယနာတင်တော်မူကြခြင်း ဖြစ်ပေသည်။ ဧကကနိပါတ်ကစတင်၍ ဟောကြားခြင်းကြောင့် ဧကကနိပါတ်ကို ပဌမထား၍ သင်္ဂါယနာတင်တော်မူကြခြင်း မဟုတ်ပါ။ စင်စစ်အားဖြင့် ရှင်တော်မြတ်ဘုရားသည် ဘုရားမဖြစ်မီက ဗိမ္မိသာရမင်းအား "ဘုရားဖြစ်သည့်အခါ မင်းကြီးထံသို့ ပဌမဆုံးကြွလာပါမည်"ဟု ဝန်ခံချက်နှင့်အညီ ဘုရားဖြစ်၍ ခြောက်လအကြာတွင်းမှာ ကဿပဦးနှောင်သုံးဦးနှင့် တပည့်ရဟန္တာ တစ်ထောင်နှင့်အတူ ရာဇဂြိုဟ်သို့ကြွ၍ ဂါထာပေါင်း ၁၉၃-ဂါထာဖြင့် တန်ဆာဆင်အပ်သော ဤဘဒ္ဒကမ္ဘာမှာဖြစ်သည့် မဟာနိပါတ် နာဝရဒဇာတ်တော်ကို ပထမဆုံး ဟောတော်မူခဲ့ပေသည်။

ဇာတ်တော်များအရေအတွက်

ယင်းဇာတ်တော်များကို သင်္ဂါယနာတင်စဉ်အလိုက် ရေတွက်သော်—

(၁) ကေကနိပါတ်၌ ဇာတ်တော်ပေါင်း (၁၅၀)
(၂) ဒုကနိပါတ်၌ (၁၀၀)
(၃) တိကနိပါတ်၌ (၅၀)
(၄) စတုက္ကနိပါတ်၌ (၅၀)
(၅) ပဉ္စကနိပါတ်၌ (၂၅)
(၆) ဆက္ကနိပါတ်၌ (၂၀)
(၇) သတ္တကနိပါတ်၌ (၂၁)
(၈) အဋ္ဌကနိပါတ်၌ (၁၀)
(၉) နဝကနိပါတ်၌ (၁၂)
(၁၀) ဒသကနိပါတ်၌ (၁၄)
(၁၁) ဧကာဒသကနိပါတ်၌(၉)
(၁၂) ဒွါဒသကနိပါတ်၌ (၁၀)
(၁၃) တေရသကနိပါတ်၌ (၁၀)
(၁၄) ပကိဏ္ဏကနိပါတ်၌ (၁၃)
(၁၅) ဝီသတိနိပါတ်၌ (၁၄)
(၁၆) တိံသနိပါတ်၌ (၁၀)
(၁၇) စတ္တာလီသနိပါတ်၌ (၅)
(၁၈) ပဏ္ဏာသနိပါတ်၌ (၃)
(၁၉) သဋ္ဌိနိပါတ်၌ (၂)
(၂၀) သတ္တတိနိပါတ်၌ (၂)
(၂၁) အသီတိနိပါတ်၌ (၅)
(၂၂) မဟာနိပါတ်၌ (၁၀)–

အားဖြင့် စုစုပေါင်း (၅၄၇) ငါးရာလေးဆယ် ခုနစ်ဇာတ် ရှိလေသည်။ ဂါထာအရေအတွက်အားဖြင့် ၆၆၆၆- ဂါထာ ရှိပေသည်။

"ငါးရာ့ငါးဆယ်" ဟု ခေါ်ဆိုနေကြခြင်းသည် ဥိနသင်္ဂြာနည်းဖြင့် (ဝါစာသိလိဋ္ဌ=) စကားပြေဖြစ်ရန် (သု-ခုစ္ဆာရဏ=) ပြောဆိုလွယ်ကူစေရန် ခေါ်ဆိုကြခြင်းပင် ဖြစ်ပေသည်။

ဇာတ်အဋ္ဌကထာနှင့် ဇာတ်ဋ္ဌကာ

ပိဋကသုံးပုံကို မဇ္ဈိမဒေသ၌ အာဂုံနှုတ်တက် သုံးကြိမ်နှင့် သီဟိုဠ်ကျွန်း၌ ပေထက်အက္ခရာတစ်ကြိမ် လေးကြိမ်တိုင်တိုင် သင်္ဂါယနာတင်ပြီးနောက် သာသနာနှစ် ၉၁၁- ပြည့်နှစ်၊ ခေတ္တရာသက္ကရာဇ် ၂၆၆-ခုနှစ် (ခေတ္တရာသက္ကရာဇ်

ဆိုသည်မှာ ဒေါဒေါရသ ကိန်းဖြိုပြီးနောက် ခ ဆ ပဥ္စ ကိန်းမပြိုမီအတွင်း သက္ကရာဇ်ဖြစ်သည်) သီဟိုဠ်ကျွန်း အနုရာဓမ္မိဠ်၌ မဟာနာမ မင်း၊ တမ္ဗဒီပတိုင်း အရိမဒ္ဒနာ ပုဂံပြည်၌ သေဠလည်ကြောင် မင်းတို့ နန်းတက်နေချိန်တွင် ထို ဇာတ် ပါဠိတော်ကို အာကျယ်ဖွင့်ဆိုသော ဇာတ်အဋ္ဌကထာခေါ် ပါဠဇာတ် အဋ္ဌကထာကျမ်းသည် သီဟိုဠ်ကျွန်း၌ ပေါ်ပေါက်ခဲ့သည်။ ယင်းကျမ်းကဲ့ ရေးသားသော မဒ္ဓထရိမှာ အဋ္ဌကထာ ကျမ်းပေါင်းများစွာကို ပြုစီရင်ခဲ့သော အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်ပင် ဖြစ်သည်။ အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်သည် ရာဝဏ ရာဇဓာနီ, တမ္ဗပဏ္ဏိ, သီဟဠ လင်္ကာဒီပ (ယခုအခေါ် သီရိလင်္ကာ) အမည်ခါ မျိုးဋ္ဌိသော သီဟိုဠ်ကျွန်း အနုရာဓမ္မိဠ် တောင်ဘက် ဒေဝါနုပိယတိဿ- ခေါ် မရုပိယတိဿမင်း တည်ဆောက်သည့် မဟာဝိဟာရ ကျောင်းတိုက်ကြီး၌ သီတင်းသုံးခတော်မူစဉ် သီဟိုဠ်အကွာရာနှင့် ရိုနှင့်ပြီးသော အဋ္ဌကထာ ကျမ်းများကို မြန်မာ အကွာရာ (ပါဠိ=) မာဂဓဘာသာဖြင့် ပြန်ဆို ရေးသားခဲ့ပေသည်။ ယခုနှစ်မှ ပြန်၍ ရေသော် နှစ်ပေါင်း ၁၇၅၉ နှစ်တိုင် ကြာမြင့်ခဲ့ပေပြီ။

ယင်း ဇာတ်အဋ္ဌကထာ အပါအဝင် မြန်မာအကွာရာ ပါဠိဘာသာရေး ပိဋကတ် ပါဠိတော် အင်္ဂကထာဋီကာ အစုံသုံးဆယ်သည် (မြန်မာနိုင်ငံ) သုဝဏ္ဏဘူမိ သဆိုပြုသည်သို့ ဓမ္မပါလမင်း လင်္ကာဒက်ဘွင် ရောက်ရှိ၍ အနော်ရထာမင်းစော လင်္ကာဆက်တွင် ပုဂံပြည်သို့ ရောက်ရှိကာ သာသနာစည်ပင် ကျယ်ပြန့်လာခဲ့သည်။

ဇာတ်အဋ္ဌကထာ ပေါ်ပြီးနောက် အဋ္ဌကထာကို ဖွင့်ဆိုသော ၅၅၀-ဇာတ် ဋီကာ ပါဠဇာတ်ဋီကာ ခေါ် ဇာတ်ဋီကာ သည်လည်း သီဟိုဠ်နိုင်ငံ၌ ပေါ် ထွန်းခဲ့သည်။ ယင်းဋီကာကို လိနတ္ထပကာသနီဋီကာဟု အမည်ပေးခဲ့သည်။ ဇေးသားသောမထေရ်မှာ အနုရာဓမ္မိဠ်အနောက် ဗဒရတိတ္ထကျောင်း၌ သီတင်း သုံးတော်မူသော ဒမ္မဋ်ဓမ္မပါလမထေရ် ဖြစ်သည်။ တိုက်ပွဲသည့် နေတော် ဂဝလကို ချဝင်သမိုင်း စာတမ်း၀င်၌ မတွေ့မိပါ။ သို့ရာတွင် ထိုအရှင်မြတ် မထေရ်သည်ပင် ရေးသားသည့် "ဝိသုဒ္ဓိမဂ် မဟာဋီကာ" ကုံးကားရပ်ကို မဟာဝံသ ဒုတိယပိုင်း (စူဠဝံသ)အဆော်း ၀၄ ရှိ ဆင်္ဂမကိဿာ, ၃၅-၃၆ ဂါထာတို့ ဖြင့် ဆက်စပ်၍ အဂ္ဂမဟာပဏ္ဍိတ သီဟိုဠ်ဆရာတော် အရှင်ဗုဒ္ဓဒတ္တက မှတ်ချက် ပြုသည်ကို ရေးထားသော ဝိသုဒ္ဓိမဂ်နိဿယ ပထမအုပ် နိဒါန်းတွင် တွေ့ရပါ သည်။ ဆရာတော် ဗုဒ္ဓဒတ္တသည် ၁၉၆၂-ခုနှစ်တွင် ပျံလွန်တော်မူပါသည်။ ဆရာ တော် မှတ်ချက်ပြုပုံအရဆိုလျှင် ဇရစ်သက္ကရာဇ် ၉၅၁ မှ ၉၇၂ ခုနှစ်အတွင်း ဖြစ်၍ သာသနာတော် ၁၅-၁၆ ရာစု နှစ်များအတွင်းလောက်မှာ ဖြစ်ပေသည်။

ထိုဇာတ်ဦးကာမှတပါး မြန်မာနိုင်ငံ၌ မန္တလေးမြို့ မောင်းထောင်တိုက်နေ "ပညာသာမိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ ဒုတိယမောင်း ထောင်ဆရာတော်သည် သက္ကရာဇ် ၁၂၃၀-ပြည့်နှစ်တွင် ရေးသားသော ဇာတ်ဦးကာတစောင်ရှိသေးသည်။ ယင်းဦးကာကို "အသမ္မေဟဝိလာသိနီ" ဟု အမည်ပေးခဲ့သည်။

ဇာတ်ဂဏ္ဌိ

"ဇာတ်ဂဏ္ဌိ" ကျမ်းကို အင်းဝခေတ် သက္ကရာဇ် ဂဝဌ-ခုနှစ်တွင် နန်းတက်သော စစ်ကိုင်းမြို့ ထူပါရုံစေတီတော် ဒါယကာ နရပတိမင်းလက်ထက်၌ ပိဇယာ-ပူရမြို့, ပင်းယမြို့ဟု နှစ်မည်ရသော မြို့၏တောင်ဘက် စကားအင်းရွာဇာတိ ရှင်အရိယဝံသ ဓမ္မသေနာပတိ မထေရ်ပြုစုခဲ့ပေသည်။ ထိုဂဏ္ဌိကကျမ်းသည် ဇာတ်ပါဠိတော်, အဋ္ဌကထာ, ဋီကာကျမ်းတို့၌ မဖွင့်ပြသော မရှင်းလင်းသော ခက်ဆစ်ပုဒ် ဝါကျများကို ပါဠိနှင့်မြန်မာ စကားပြေနှစ်မျိုးတို့ဖြင့် ရောနှော၍ ထပ်မံရှင်းလင်း ဖွင့်ဆိုရေးသားထားသော ကျမ်းဖြစ်ပေသည်။ "ဇာတကဝိ-သောဓနီကျမ်း" ဟု အမည်တွင်ပါသည်။

နိဿယများအကြောင်း

နိဿယ။ ။ရှေးပုဂံခေတ်ဦးမှ စတင်ခဲ့သောသာသနာသည် နောက်ခေတ် မင်း အဆက်ဆက်တို့၌များသောအားဖြင့်မင်းနှင့် သာသနာ သာသနာ နှင့်ပြည်သူ တစပ်တည်းတည်ရှိသော သာသနာခေတ်ဖြစ်ခဲ့သည်။ ယိုမင်းအဆက်ဆက်တို့သည် ပါဠိဘာသာစာပေများကို အလေးဂရုပြုကာ လေ့လာခဲ့ကြသည်။ ရှင်ရဟန်းများသာမက မင်းနှင့်တကွ နန်းတွင်းမှထမ်းများနှင့် တောင်သူ လယ်သမားအလုပ်သမား ကုန်သည်ပွဲစားများပါ ပါမကျန် ပါဠိဘာသာကို သင်ကြားမှတ်သားသော အလေ့အထ ရှိခဲ့ကြသည်။ ထို့ကြောင့် ပါဠိဘာသာဖြင့်သာရှိသော ပိဋကတ်တော်များကို သင်ကြားမှတ်သား ပို့ချလေ့လာရာ၌ ပါဠိ၏အရသာ အနက်အဓိပ္ပာယ်တို့ကို တပုဒ်ချင်းစီ နားလည်သဘောပေါက်စေရန် အတွက် ပါဠိကျမ်းတော် ဆရာတော်ကြီးများက ပါဠိအက္ခရာ တစ်လုံးတစ်ပုဒ်, နှစ်လုံး တပုဒ် စသည်ဖြင့် ပုဒ်အသီးသီးခွဲခြားရှင်း ပါဠိတပုဒ်ကို မြန်မာလိုတစ်ခွန်းစီ အနက်အဓိပ္ပာယ် ဖေါ်ဆောင်ခရားသားတော် မူကြလေသည်။

ထိုသို့ ပါဠိတစ်ပုဒ်ကို မြန်မာလိုတစ်ခွန်းစီ အလိုလိုပြန်ဆို ရေးသားခြင်းကို "နိဿ" ဟု ခေါ်ဆိုရေးသားခဲ့ကြလေသည်။ "နိဿ" ဟူသော အရေးအသားသည် မြန်ဝေါဟာရစကားသံဖြင့် ရေးသားခဲ့ခြင်းဖြစ်သည်။ ပါဠိဘာသာဖြင့်ရေးလျှင် "နိဿယ" ဟု ရေးရပေမည်။ "နိဿ"၏ အဓိပ္ပာယ်မှာ (နိသီ+အ)

မှီရာ, မှီခိုအားထားရာဟု အဓိပ္ပာယ်ရှိသည်။ ယင်းမှီခိုရာကို မြန်မာဝေါဟာရ ပါဠိပျက် အရေးအသားအားဖြင့် နိဿယသည်း, နိဿရည်း, နိဿရေည်း, နိဿုည်း စသည်ဖြင့် ပုံစံခတ်ကပင် ပေစာကျောက်စာများ၌ အမျိုးမျိုးရေးသားခဲ့ကြသည်ကို လေ့လာတွေ့ရှိရပေသည်။

မြန်မာပြန်။ ။ထိုသို့ ပါဠိတစ်ချက် မြန်မာတစ်ချက် ရေးသားသော နည်းသည် မြန်မာပြန် အမျိုးအစားများတွင် တစ်မျိုးအပါအဝင်ဖြစ်ပေသည်။ ပါဠိကို မြန်မာပြန်ဆိုရာ၌ အမျိုးအစားအားဖြင့်-

၁။ နိဿယ ပြန်ဆိုနည်း၊
၂။ ပါဠိမဖက် မြန်မာသက်သက် တိုက်ရိုက်ပြန်ဆိုနည်း၊
၃။ ဝတ္ထုစကားပြေ ပြန်ဆိုနည်း၊
၄။ ပျို့, ကဗျာ, လင်္ကာစသည်တို့ဖြင့် ပဲ့ဆိုသီကုံး ပြန်ဆိုနည်း၊

ဟူ၍ လေးမျိုးရှိနာတွင် ရှေးအကျဆုံးဖြစ်သော နိဿယ ပြန်ဆိုနည်းကား ပကတိပါဠိပုဒ်၏ အဓိပ္ပာယ်မူရင်း အကဲ့ဆုံးဖြစ်သဖြင့် ယနေ့တိုင် သာသနာလောကခွဲ လက်ကိုင်ပြုနေကြရလေသည်။

၁။ ထိုနိဿယကျမ်းများကို ဆရာတော်များအသီးအသီး ပြန်ဆိုကြစဉ် ပြန်ဆိုရေးသားပုံ အကျဉ်းအကျယ်နှင့် အမူအရာဟန်ပန်ကိုလိုက်၍ အကျဉ်းနည်းပြန်ဆိုလျှင် "နိဿယနံ ကျဉ်း" ဟူ၍လည်းကောင်း၊ သဒ္ဒါနည်း အဘိဓာန်, ဆန်း, အလင်္ကာနည်း, အဋ္ဌကထာနည်းများနှင့်တကွ အဓိပ္ပာယ်အမှာစကားများဖြင့် အကျယ်ပြန်ဆိုလျှင် "နိဿယ နံကျယ်" ဟူ၍လည်းကောင်း၊ လွယ်မည်ဟု ထင်ရသော ပုဒ်များကို ပါဠိအတိုင်းသာရေး၍ ခက်ခဲမည်ဟု ယူဆသောပုဒ်ကို သာ ရှေးချယ်ကာ မကျဉ်းမကျယ် အနက်ပေးရေးသားလျှင် "နိဿယနံပျောက်" ဟူ၍လည်းကောင်း ခေါ်ဆိုကြပေသည်။ ["နံ" ဟူသော ပေါဠိထာစကားသည် "အနက်" ဟု အဓိပ္ပာယ်ရှိသည်။]

ထို့အပြင် ရှေးဟောခါက ပုရပိုက်မှာ ဆရာတော်များ၏ ရေးပြီးသားကျမ်းများကို ပေစာရေးက ထပ်မံ၍ပေမှာရေးကူးလေ့ရှိကြသည်၊ တခါတရံ ပုရပိုက်မှာ မရေးပဲ ဆရာတော်ကိုယ်ဘိုင်ဒူးပေါ် ပေတင်၍ ဒူးပြီးရေးသောနိဿယများလည်း ရှိသေးသည်။ ဤကဲ့ သို့ရေးသောနိဿယကို လက်ပင်ပန်းစွာ ရေးရသောကြောင့် "လက်နံးနံသဲ့ယ" ဟုလည်း ခေါ်ကြပေသေးသည်။ ဤနည်းအတူ နိဿယကို "နံစောင်နိဿယ" ချနက်နိဿယ"စသည်ဖြင့် ရေးသားသည့်အပေါ် တင်စား ခေါ်ပေါ်သော နိဿယ ဝေါဟာရတို့သည်ကား များလှဘိသည်။

၂။ ပါဠိမဖက် မြန်မာသက်သက် တိုက်ရိုက်ပြန်ဆိုနည်းသည် (ပါဠိအရှိအတိုင်း အပိုအလိုမပါ၊ ထပ်လျှင် ထပ်ခဲ့သည့်အတိုင်း မြုပ်ထားလျှင် မြုပ်ထားသည့်အတိုင်း) ပြန်ဆိုနည်းမျိုးဖြစ်ပါသည်။

၃။ ဝတ္ထုစကားပြေ ပြန်ဆိုနည်းသည်ကား–ယခုခေတ်၌ နှစ်မျိုးရှိသည်။ ပထမအမျိုးမှာ ရှေးခေတ်ရေးနည်းအတိုင်း ပါဠိ၌ထပ်နေသော ထောင့်နေသော ငုတ်နေသော ပုဒ်ဝါကျများကို သင့်သလိုမြုပ်၍ ဖြေ၍ ဖော်၍ဖြင့်စေ, အပိုမဆွင်း လိုရင်းရောက်အောင် အကျဉ်းချုံး၍ ဖွဲ့စေ ပါဠိ၏ ဆိုလိုရင်း အကြောင်းအရာ မပျက်စေပဲ ပြန်ဆိုသော နည်းမျိုးဖြစ်၍ ဒုတိယအမျိုးအစားမှာ မျက်မှောက်ခေတ်တွင် ပါဠိ၌ရှိ ရင်းစဲ့ အကြောင်းအရာ အသွားအလာ အားလုံးကို မှတ်သားပြီးနောက် မိမိတို့သဘောအတိုင်း ဖတ်ကောင်းအောင် ပါဠိပုဒ်ဝါကျ တိုက်ရိုက်မပါသော စကားလုံးမြောက်မြားစွာတို့ဖြင့် စိတ်ကူးယဉ် ထည့်သွင်းကာ အညွှန့်တပ် ဖွဲ့နွဲ့ရေးသားသော နည်းမျိုးဖြစ်ပေသည်။

၄။ ပျို., ကဗျာ, လင်္ကာစသည်တို့ဖြင့် သီကုံးပြန်ဆိုနည်းကား သိသာပေပြီ။ ရှေးခေတ်စာဆို အကျော်တို့ ဇာတ်တော်များစွာတို့ကို ပျို., ကဗျာ, လင်္ကာ, တို့ဖြင့်သီကုံးရေးသားခဲ့ကြသည်မှာ ရသမြောက်စာပေများဖြစ်၍ ယနေ့တိုင် တက္ကသိုလ်ကျောင်းများတွင် ပြဋ္ဌာန်းကျမ်းစာအဖြစ် သင်ကြားပို့ချလျက် ရှိပေသည်။

နိဿယအစ ပုဂံက။ ။ရှေးဆရာတော်များသည် ပါဠိဘာသာဖြင့်သာ ရှိသော ပိဋကတ်တော် ကျမ်းများကို များသောအားဖြင့် နိဿယပြန်ဆိုထားပြီးဖြစ်ကြသဖြင့် ထိုနိဿယကျမ်းများကို အမှီပြု၍ ဘာသာပြန်နည်းအမျိုးမျိုးကို ရေးသားပြန်ဘူးကြလေသည်။ ထို့အပြင် ပါဠိဘာသာစာပေလေ့လာသင်ကြား ကျင့်သုံးကြသော ပရိယတ္တိဘာသာနာနှင့် ပဋိပတ္တိသာသနာလောကဌ် နိဿယများမှ မည်သည့် ပါဠိပုဒ်က မည်သည့်အနက် အဓိပ္ပာယ်ကို ဖော်ဆောင်သည်ဟူသော လိုရင်းအနှစ်သာရများကိုလည်း ရရှိစေပါသည်။

ထို့ကြောင့် နိဿယ စနစ်ကို တီထွင်ဖန်တီးသော ဆရာတော်ဘုရား၏ ကျေးဇူးသည် အလွန်ကြီးမားလှသည်။ ယင်းနိဿယစနစ်ကိုမည်သည့်သက္ကရာဇ် မည်သည့်ဖောင်းလက်ထက် မည်သည့်ဆရာတော်က မည်သည့်ကျမ်းကို စတင်၍ တီထွင်ခဲ့သည်ကိုမူကား လေ့လာရှာဖွေ၍ မရရှိခဲ့ပါချေ။ လေ့လာသိရသမျှမှာကား–မိုင်းခိုင်းမြို့ဟား ပိဋကတ်တော်အုပ် မင်းကြီးမဟာသီရိဇေယျသူပြုစုသော "ပိဋကတ်တော်သမိုင်း" အရ (ဆပဋ္ဌကိန်းဖြိုပြီးနောက်) ကောဇာသက္ကရာဇ် ၄၅၅ ခုနှစ် နန်းတက်သော သံရိတြိဘဝနာဒိတျာပဝရပဏ္ဍိတ သုဓမ္မရာဇာမဟာ

ဓိပတိ နရပတိစည်သူ တံဆိပ်နာမံခံသော အလောင်းစည်သူ မင်းလက်ထက် ထီးလင်းမြို့ စိရင်စု ပေါင်လောင်ရှာဇာတိ ရှင်မဟာကဿပ ပုဂံမြို့တောင် ဧရိုးတတိုင်ကျော်ကွာ တောရကျောင်း၌ သီတင်းသုံးနေစဉ် ခုဒ္ဒသိက္ခာ အဋ္ဌကထာ နိဿယကို စီရင်ကြောင်း သိရှိရသည်။ သို့ရာတွင် ယင်းပိဋကတ်တော်သမိုင်းရှိ နိဿယစာရင်းများတွင် ပါဠိတော်နိဿယ ၁၀-ကျမ်း၊ အဋ္ဌကထာနိဿယ ၅-ကျမ်းနှင့် လက်သန်းဋီကာနိဿယ ၄-ကျမ်းတို့ကို မည်သည့်သက္ကရာဇ် မည်သည့်မင်းလက်ထက် မည်သည့်ဆရာတော် စီရင်သည်ဟု ဖော်ပြနိုင်ခြင်းမရှိသည့် အတွက် ထိုခုဒ္ဒသိက္ခာအဋ္ဌကထာနိဿယ (ဟောင်း)ထက် စောသောနိဿယ ရှိကောင်းရှိမည်လားဟု ထင်မှတ်ဖွယ်ရာ ရှိပေတော့သည်။

နိဿယကျမ်းအဆင့်ဆင့် တိုးတက်လာပုံ။ ။နိဿယစနစ်သည် ဆိုခဲ့ပြီးသည့် အတိုင်း ပုဂံခေတ်က စတင်ခဲ့သည်ကို သိသာပေပြီ။ သို့ရာတွင် ထိုခေတ်အခါက ပါဠိတော်နှင့် အဋ္ဌကထာများ၏ နိဿယများ အနည်းငယ်မျသာရှိ၍ ပြည့်စုံစွာ မရှိသေးခေျ။ နောင်းခေတ် အဆက်ဆက်တွင်မူ တဖြေ့ဖြေ့နှင့် နိဿယကျမ်းများ ပြည့်စုံစွာ ပေါ်ထွက်ခဲ့ပေသည်။ နိဿယသည် ပုဂံပြည် တိမ်းပါးပျက်စီးအုံဆဲဆဲ နောက်ဆုံး ပိုင်းကာလ သက္ကရာဇ် ၆၀၇-ခုနှစ်လောက်တွင်မှ ဒီဃနိကာယ် ပါဠိတော်နှင့် အဋ္ဌကထာအစုံ နိဿယများ ပုဂံမြို့ပေါ်မှ ပေါ်ထွက်ခဲ့၍ ပုဂံခေတ်၏ နောက် ဆုံးနိဿယများဟု ဆိုသင့်ပေသည်။ ထိုမှတဖန် နိဿယသုံမိုင်းစုံသည် အင်းဝ ခေတ် ပထမပိုင်းကာလ သက္ကရာဇ် ၇၆၁-ခုနှစ်တွင် နေကျိုးပါဠိတော်နိဿယနှင့် သက္ကရာဇ် ၉၁၂-ခုနှစ်ဟွင် အာဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာနိဿယ ကုမ်း ၂-ကျမ်း ပေါ်လာပေသည်။ (အာဘိဓမ္မတ္ထသင်္ဂဟနိဿယကျမ်းမှာ ရတနာပုံခေတ်အထိ နိဿယကျမ်းပေါင်း ၂၁ ကျော်ကို ကျမဲးပြုပုဂ္ဂိုလ်ဆရာတော် အသီးသီးက မူအမျိုးမျိုးဖြင့် ပြုစုလာခဲ့သဖြင့် အများဆုံးနိဿယဖွဲ့သော ကျမ်းဟုဆိုရပေ မည်။) ထိုနောက် သာသနာစည်ပင်ထွန်းက းလာသည်နှင့်အမျ နိဿယကျမ်း များလည်း အင်းဝခေတ်မှစ၍ ကုန်းဘောင်ခေတ် းထိ ကျယ်ပြန့်စွာ အဖြာဖြာ အမြား ပေါ်ထွန်းလ ခဲ့ပေရာ နိကာယ်ငါးရပ်ပါဠိဘော်နှင့် အဋ္ဌကထာနိဿယ အစုံတို့သည် ကုန်းဘောင်ခေတ် (စစ်ကိုင်းမင်း) ဘကြီးဘော်မင်းလက်ထက် တွင်မှ အစုံအလင်ပေါ်လာသည်။ သို့သော် နိဿယာမရှိသေးသော အဋ္ဌကထာ ဋီကာ အနည်းအကျဉ်းရှိသည်၊ နိုင်ငံရေးသမိုင်းစဉ်အရဆိုလျှင် ခေတ်အသီးသီး တို့၌ တိုင်းပြည် ငြိမ်သက်အေးချမ်းသာယာစွာဖြင့် တည်ရှိနေချိန်တွင် ပြုစုရသော ပိဋကစာခေပကျမဲးဂန်များရှိသလို နန်းဘွင်းခေရးမှစ၍ တိုင်းနိုင်ငံအန္ဒုံ အပြား မငြိမ်မသက် သူတသူကို ယံတမင်းနှင့် သွေးချောင်းစီးတမျ သတ်ဖြတ်

တိုက်ခိုက်လုယက် တုန်လှုပ်ချောက်ချားနေသော အကြပ်အတည်းများကြားမှ သာသနာတော်အတွက် ပြုစုပေါ်ထွက်လာခဲ့ရသော ပိဋကစာပေကျမ်းဂန်များလည်း ရှိခဲ့ပေသည်။

ပေ၏နိဂုံး။ ။ပိဋကစာပေအတိုးအတက်ဆုံး သာသနာ စည်ပင်ထွန်းကား ဆုံးအချိန်ကား ရာဇဝင်သမိုင်းမှတ်တမ်းများမှ လေ့လာသိရှိချက်အရ ကုန်းဘောင်နောက်ဆုံးခေတ် မင်းတုန်းမင်းလက်ထက်ဟု ဆိုရပါမည်။ မြန်မာနိုင်ငံတွင် သံသာတော်ပေါင်း ၆-သိန်း ၉-သောင်းကျော်ရှိ၍ မန္တလေးမြို့တွင် ဘုရင်ကိုးကွယ်သော ဘဲ့တံဆိပ်ရ ဆရာတော်ပေါင်း ဂဝ-ခန့်ရှိခဲ့သည်။ စာသင်တိုက်ကြီးပေါင်း ၁၇၉-တိုက်တွင် စာချဆရာတော် ၃၀၀၀-ခန့်ကို အမှီပြု၍ စာလိုက် သံဃာပေါင်းမှာ ခြောက်သောင်းကျော်ရှိခဲ့သည်။
(အမရပူရမြို့သံဃာမဟာသေး)

ထိုသို့ သာသနာစည်ပင်ထွန်းကားခဲ့သော်လည်း ကြေကွဲဝမ်းနည်းဖွယ်ရာမှာ ပြည်မြန်မာ၏ ကံကြမ္မာဆိုး ကြုံခဲ့ရသော သံပေါမင်းအား အင်္ဂလိပ်များဖမ်းဆီးသည့်အချိန်ပင်ဖြစ်သည်။ နန်းတွင်းတ၌ ခုလုံးရှိ ပြဋိုက်၌ ပေပုရပိုက်များထည့်သည့် စာတိုက်သေတ္တာကြီးများအားလုံးကို အင်္ဂလိပ်စစ်ဗိုလ် စစ်သားနှင့် နောက်ပါလူများစုက အဖိုးတန်ရတနာများ ရှာဖွေယူဆောင်ကြသဖြင့် ပေစာများ ပုရပိုက်များ အစည်းပျက် အခေါက်ပြေလျက် ပရမ်းပတာ ဖယိုဖရဲ ကျန်ခဲ့၏။ နောက်နှစ်ဘုင် သန့်ရှင်းရေးအတွက် အမှိုက်လှည်းကုလားများက ယင်းပေစာပုရပိုက်များကို စုပုံ၍မီးရှို့ပစ်ကြလေသည်။ ထိုဒဏ်ကြောင်းကို တန်ဆောင်မုန်းလဆုတ် ၁၁-ရက်နေ့တွင် တောင်ခွင်မင်းကြီးသိရသဖြင့် ပေပုရပိုက်များကို မီးမမှို့ရန် ဘောင်းပန်မေတ္တာရပ်ခံစာကို စာရေးဝန်ကြီး ဦးမြဲအား ကာနယ် စခလေဒင်ဝံသွေ အားပေးခိုင်းသဖြင့် ကာနယ်စခလေဒင်က မည်သူမျှ ပေပုရပိုက်များကို မီ ရှို့ခြင်း၊ ဖျက်ဆီးခြင်း၊ ယူငင်ခြင်း မပြုလုပ်ရန် အမိန့်ထုတ်ပြန် တားဆီးခဲ့ရသည်၊ နောင်အခါ၌ နွားလှည်းအင်းရေ ငါးဆယ်ကျော်တိုက်လောက်ရှိသော နန်းတွင်းရှိ ကြွင်းကျန်သည့် ပေပုရပိုက်ထန်းပူးစာများကို ရန်ကုန်အာကာင်းဝန်ရုံးကြီးသို့ ယူဆောင်စားသောသည်၊ ဤသည်တို့မှာ မြန်မာပြည်၏ယဉ်ကျေးမှုစာပေအနုပညာနှင့် အဖိုးတန် သာသနာ့အမွေအနှစ်တို့ ဆုံးပါးခဲ့ရခြင်းနှင့် ပေါနိ သာယာသမိုင်း ပေခေတ်၏ နိဂုံးပိုင်း အခြေအနေကို သုံးသပ်ခြင်းပင် ဖြစ်ပါသည်။

ဇာတ်ပါဠိတော်နိဿယနှင့် ဇာတ်အဋ္ဌကထာနိဿယ

ဇာတ်ပါဠိကော်နိသယသည် ကုန်းဘောင်ခေတ် ထဲတွင် ၂-အုပ်နှင့် အင်္ဂလိပ်ခေတ်တွင် ၁-အုပ် ပေါ်ထွက်ခဲ့သည်။

၁။ ပထမထွက်သော ဇာတ်ပါဠိတော်နိဿယဟောင်းကိုသက္ကရာဇ်-၁၁၉၉-မှ ၁၂၀၀-ခုနှစ်အတွင်း အမရပူရမြို့တွင် နန်းစံသော သာယာဝတီ (ရွှေဘို)မင်း လက်ထက်၌ အမရပူရမြို့ မြောက်ဘက် ကတိုးတိုက်နေ "သာသနဝံသသိရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ကြံခင်းဆရာတော်စီရင်သည်။

၂။ ဇာတ်ပါဠိတော်နိဿယသစ် ကို သက္ကရာဇ် ၁၂၂၁-ခုနှစ် နန်းတက်သော မင်းတုန်းမင်းလက်ထက်တွင် မိုင်းခိုင်းမြို့စား သံတော်ဆင့်အမတ် "သိရိဇေယ္ယသူ" နှင့် တောင်သာမြို့စား ဒီဿာပါမောက္ခမင်းဆရာကြီးတို့ တောင်းပန်လျှောက်ထားချက်အရ "ပြည်ဆရာတော်" စီရင်သည်။

၃။ ယင်းနောက် ပါဠိဇာတ်ပါဠိတော် (ဇကနိပါတ်မှ မဟာနိပါတ်အထိ တအုပ်လုံး) နိဿယကို သက္ကရာဇ် ၁၂၀၈-ခုနှစ်တွင် မန္တလေးတောင် ရသေ့ကြီး ဦးခန္ဓီလျှောက်ထားချက်အရ မန္တလေးတောင်အနီး အဘယာရာမမိုးထိကျောင်း တိုက်၌ သံတင်းသုံးသော ဆရာတော် ရှင်ဇာဂရ မထေရ် စီရင်သည်။ ယင်းကို စာချုနက်၊ မိုးထိမူဟု ခေါ်ဆိုကြ၏။

ဇာတ်အဋ္ဌကထာနိဿယများမှာ အမရပူရ ပထမမြို့နန်း ဖန်ဆင်းတည် ထောင် စိုးစံအောင်သော ဂုနန်းဟောင်နန်းရှိ သတိုးရိပ်မြို့ ပဒုံမင်းတရားကြီး (ဘိုးတော်ဦးဝိုင်း)လက်ထက်တော်တွင် ယခင်က နိဿယပြန်ဆိုပြီးသော ငါးရှဉ့် ငါးဆယ်နိပါတ်တော်များ အစုံအလင်မရှိသေးသည့်အပြင် ရှိရင်းစွဲဇာတ်နိဿယ များလည်း အရေးအသား မသေမချာရှိနေခဲ့သည်။ ထို့ကြောင့် မင်းတရားကြီး က ပုဒ်ခနပါဠိသားအနက်အဓိပ္ပာယ် အရေးအသား မှန်ကန်သေချာစွာရှိ အောင် မဟာဒါန်ဝန်အား ဆရာတော်တို့ထံမှာ လျှောက်ထား၍ ရေးသား ပြုစုပြီး ဆက်သွင်းစေဟု သက္ကရာဇ် ၁၁၄၀-ခုနှစ်၊ နတ်ခတ်လပြည့်ကျော် ၉ ရက်နေ့ ရွှေလွှတ်တော်သို့ အမိန့်တော်ထုတ်ပြန်သဖြင့် မဟာဒါန်ဝန်က ဘွဲ့တံဆိပ်တော်ရ ဆရာတော်အသီးသီးတို့ဆံ တောင်းပန်လျှောက်ကားရာမှ ဇာတ်ကားယ်ပေါင်း ၅၁၇-ဇတ်ပါဝင်သော ဇကနိပါတ်မှ အသီတိနိပါတ်အထိ နိပါတ်ပေါင်း ၂၁-ခုကို ဆရာတော်ကြီး ၁၃-ပါးဘို့က အသီးသီးတာဝန် ဝေခဲ့ပြီး ပုဒ်နေ ပါဠိထား အကွက်ရာ ဂါထာ ဆန်းဂိုဏ်း ယှဉ်နှိုင်းသုတ်သင် ပြင်ဆင်ဝေဖန်မှု ကာ နိဿယ ပြန်ဆိုရေးသား ချီးမြှောက်ခံတော် မူကြသည်ကား—

၁။ ဘောင်တွင်းဆရာတော် ဦးကေတု ဇကနိပါတ် (သာသနာ ၂၃၂၇-ခု တွင် ပြုစုသော ဇာတ် အဋ္ဌကထာနိဒါန်း အာနုဇ်ကို "ဇာတတ္ထကိန်သယ" ဟု ခေါ်ကြသည်။)

၂။ ပလိုင်းဆရာတော်–ဒုကနိပါတ်

၃။ မဲထီးဆရာတော်–တိကနိပါတ်

၄။ ရွှေတောင်ဆရာတော်–စတုက္ကနှင့် ပဥ္စကနိပါတ်
၅။ တောင်လေးလုံးဆရာတော်–ဆက္ကနှင့် သတ္တကနိပါတ်
၆။ ကတိုးဆရာတော်–အဋ္ဌကနှင့် နဝကနိပါတ်
၇။ ပထမ ဗားကရာဆရာတော်–ဒသနိပါတ်နှင့် ကောဒသနိပါတ်
၈။ ဆုံထားဆရာတော်–ဒွါဒသနှင့် တေရသနိပါတ်
၉။ မောင်းထောင်သာသနာပိုင် ဆရာတော်–ပကိဏ္ဏကနိပါတ်
၁၀။ မုံတောဆရာတော်–ဝိသတိနှင့် တိံသနိပါတ်
၁၁။ ညောင်ကန်ဆရာတော်–စတ္တာလီသနှင့် ပဏ္ဏာသနိပါတ်
၁၂။ မင်းရွာဆရာတော်–သင်္ဌိနှင့် သတ္တတိနိပါတ်
၁၃။ ပထမဆင်တဲဆရာတော်—အသီတိနိပါတ်

ဟူ၍ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၃-ပါးတို့က အသီးအသီး ဇာတ်အဋ္ဌကထာနိဿယမျှားကို ဖရေးသားကြပါသည်။

ထို့နောက် ဤဘိုးကော်ဘုရား လက်ထက်၌ပင် ဧကကနိပါတ်မှ အသီဟိနိပါတ်အထိ ဇာတ်အဋ္ဌကထာနိဿယမျှားကို ပခန်းကြီးမြို့ စီရင်စု ဝက်ခုတ်ရွာ ဇာတိ "မဏိသာရခေ္ဍ မဟာခမ္မရဋ္ဌဂုရု" ဆရာတော် ဦးရင်သည်။

မဟာနိပါတ် ဇာတ်ကြီး ဆယ်ဘွဲ့ အဋ္ဌကထာနိဿယကို ပခန်းကြီးမြို့စီရင်စု မြို့ဝင်ရွာ အမည်မသိ မထေရ် စီရင်ခဲ့သည်။

အချို့ဆရာများက ဧကနိပါတ်မှစ၍ မဟာနိပါတ်အဆုံးအထိ ဇာတ်အဋ္ဌကထာအားလုံးကို ဝက်ခုတ်ဆရာတော်က နိဿယပြန်ဆိုကြောင်း ရေးသားကြသည်။

ထို့ပြင်မဟာနိပါတ်(ဇာတ်ကြီးဆယ်ဘွဲ့)အဋ္ဌကထာနိဿကို ၁၁၂၅မှ ၁၁၃၃ အတွင်း နန်းစံသော ဆင်ဖြူရှင်မင်းလက်ထက်တွင် ပင်းတလဲမြို့ စီရင်စု လှည်းကူးမရွာ ဇာတိ ဒန္ဒဘိုင်ဆရာတော် ရှင်ဂုဏာလင်္ကာရ မထေရ်စီရင်ခဲ့သည်။

ညောင်ကန်ဆရာတော်များ

ယခု သာသနာရေးဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေသည့် ဇာတ်ပါဠိတော်နိဿယကား မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ပြည်ဆရာတော်ရေးသား စီရင်သော ဇာတ်ပါဠိတော် နိဿယ (သစ်) ဖြင့်ပါသည်။ ထိုပြဿ်ဆရာတော်သည် ညောင်ကန် ဆရာတော်များအနက် တပါး အပါအဝင်ဖြစ်ကြောင်း သိရှိစေရန် ညောင်ကန်ဆရာတော်များစာရင်းကို အောက်တွင် ဖော်ပြလိုက်ပါသည်။

သက္ကရာဇ် ၁၁၂၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁-ရက်၊ ကြာသပတေးနေ့ မင်းလှ သီရိသီဟသူ ရေးသားကောက်နုတ်အပ်သော ဆရာတော်များ ဦးရေစာရင်းအရ ညောင်ကန်ဆရာတော်များသည်—

၁။ ရှင်ပုညသေဋ္ဌ (ဦးပျော်) ၁၀၉၂-ခုနှစ် ဖွားမြင်သည်။

၂။ ရှင်သဒ္ဓမ္မရံသီ (ဦးညွန့်) ၁၁၁၀-ပြည့်နှစ် ဖွားမြင်သည်။

၃။ ရှင်ကဝိန္ဒ (ဦးရောင်) ဒုတိယညောင်ကန်ဆရာတော် ၁၁၁၅-ခုနှစ်တွင် ဖွားမြင်သည်။

၄။ ရှင်ပုညရံသီ (ဦးပိုး) အုတ်ကျောင်းဆရာတော်၊ ၁၁၄၀-ပြည့်နှစ် ဖွားမြင်သည်။

၅။ ရှင်ဇမ္ဗုဓဇ (ဦးပုတ်) ဒုဘဲယအုတ်ကျောင်းဆရာတော်၊ ညောင်ကန်ဆရာတော်၊ ဆရာတော် ဦးပုတ်ဟု အမျိုးမျိုးခေါ်ကြသည်။ ၁၁၄၉-ခုနှစ် ဖွားမြင်သည်။

၆။ ရှင်မေဓာလင်္ကာရ (ဦးဟိုး) ပြည်ဆရာတော်၊ ညောင်ကန်ဆရာတော် ၁၁၅၀-ပြည့်နှစ် ဖွားမြင်သည်။

၇။ ရှင်ဒီပ (ဦးကံ) ၁၁၆၂-ခုနှစ် ဖွားမြင်သည်။

ဟူ၍ ၇-နှစ်ပါး ရှိခဲ့ရာတွင် အလယ်ဆရာတော် ၅-ပါးသည် သာသနာလောကၦ အလွန်တရာ ကျော်စော ထင်ရှား ကျေးဇူးများလှသော ဆရာတော်ကြီးများဖြစ်ခဲ့ကြသည်။ ထိုဆရာတော်ကြီး ၇-ပါးအပြင် ဟသံတမြို့ မြစ်ကွေ့ဆရာတော် ရှင်ပညာဝံသ ရေးသားသော ပြဋ္ဌာန်ဆရာတော် အတ္ထုပ္ပတ္တိဋ္ဌ ညောင်ကန်ဆရာတော် ၁၂-ပါး ပြဆိုထားသေးကြောင်း သိရသည်။

ဤနိဿယ ဆရာတော်၏ ထေရုပ္ပတ္တိအချုပ်

ဤဇာတ်ပါဠိတော် နိဿယကို ရေးသားပြုစုတော်မူသော ဆရာတော်သည် ညောင်ကန်ဆရာတော်ဟူ၍ လည်းကောင်း၊ ပြည်ဆရာတော်ဟူ၍လည်းကောင်း ထင်ရှားကျော်စောသော ဆရာတော် ရှင်မေဓာလင်္ကာရ ဖြစ်ပါသည်၊ ဤနိဿယကျမ်းပြု ဆရာတော်၏ ထေရုပ္ပတ္တိကိုအချုပ်အားဖြင့် ရှာဖွေထုတ်နုတ် ရေးသားတင်ပြပါမည်။

ပြည်, ညောင်ကန်ဆရာတော် လောင်းလျှာကို သက္ကရာဇ် ၁၁၅၀-ပြည့်နှစ်၊ ဝါဆိုလဆန်း ၇-ရက်၊ ကြာသပတေးနေ့တွင် အလုံမြို့ကျေး ညောင်ကန်ရွာ အဘဦးဖြူ အမိ ဒေါ်ညွန့်တို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။ လူအမည် မောင်ကျီး ဟု ခေါ်ပါသည်။(အခြို့က ဦးကျီးညိုဟု တွင်သည်ဆို၏။)

ဆရာတော် လောင်းလျှာကို အသက် ၁၂-နှစ်အရွယ်တွင် ရှင်သာမဏေပြု၍ ရှင်အမည် "ရှင်မေဓာ" ဟု မှည့်ခေါ်ပါသည်။ ရှင်သာမဏေအဖြစ် ၃-ဝါရှိသောအခါ အသက်စေ့သည့် အချိန်တွင် ရဟန်းပြု၍ ရဟန်းဘွဲ့တော် "ရှင်မေဓာလင်္ကာရ" ဖြစ်သည်။ ဆရာတော် မေဓာလင်္ကာရသည် ရတနာပုရအဝန်းတည်နန်းတည် မင်းတရားကြီးလက်ထက် ရွှေမြို့တော် မြောက်ထောင့် မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးဝယ် သီတင်းသုံးတော်မူသော ညောင်ကန်ဆရာတော် ဦးပိုးထံတွင် စာပေကျမ်းဂန် သင်ကြားပို့ချကာ နေတော်မူသည်။

ညီတော်မင်းတရားကြီးလက်ထက် အမရပူရ ရွှေမြို့တော်ကြီးသို့ ရောက်သော အခါ ရွှေမြို့တော် အရှေ့တောင်ယွန်းအရပ်တွင် မင်းဘရားကြီး၏ သားတော် "ပြည်မင်းသား"က တိုက်တာအသစ်တည်ထောင်ကာ ဝါဆိုကျောင်း ဆောက်လုပ်လှူဒါန်း ကိုးကွယ်သည်။ ထိုအခါမှစ၍ "ပြည်ဆရာတော်" ဟု ထင်ရှားသည်

နောက်တဖန် မင်းတုန်းမင်းလက်ထက် သီရိမဟာမင်္ဂလာဒေဝီဘွဲ့ခံ မြောက်-နန်းမတော် မိဖုရားသည် မန္တလေးမြို့ မြောက်ပြင်၌ မဏ္ဍလာရာမ ကမ္ပည်းတပ်သော ကျောင်းတိုက်ကြီးကို တည်ထောင်၍ ပြည့်ဆရာတော် ဘုရားကြီးကို တင်လှူသည်။ ဆရာတော် မေဓာလင်္ကာရသည် ပရိယတ္တိ ပဋိပတ္တိ သီလ သမာဓိ ပညာ ဟိရိသြတ္တပ္ပနှင့် ပြည့်စုံ၏၊ ဇြဟ္မစိုရ်တရားလေးပါးနှင့် ပြည့်စုံ၏ဟု ဆရာတော် စဉ်ဆက်တို့ ချီးမွမ်းတော်မူကြသည်။ သက်တော် ၇၅-နှစ်၊ သင်္ကြာ (ဝါ)ဟော် ၅၅၊ သက္ကရာဇ် ၁၂၂၅-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃-ရက်နေ့တွင် ဘဝနတ်နန်း စံမြန်းတော်မူသည်။ ဘွဲ့တံဆိပ်တော်ကား "မေဓာဘိပတ္ထိတဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု" နှင့် "မေဓာဘိဝံသ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော် ၂-ထပ်ရရှိတော်မူခဲ့သည်။

ရေးသားပြုစုသော ကျမ်းများ

ဆရာတော်သည် သာသနာ့တာဝန် ထမ်းဆောင်တော်မူယင်း သာသနာအတွက် ကျေးဇူးများသော အောက်ပါကျမ်းများကို ရေးသားပြုစုတော်မူခဲ့ပါသည်။

(က) ဇာတ်ပါဠိတော် နိဿယ (သစ်) (မင်းတုန်းမင်းလက်ထက်)
(ခ) အဋ္ဌသာလိနီ အဋ္ဌကထာနိဿယ ။
(ဂ) ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာနိဿယ (ဘကြီးတော်မင်းလက်ထက်)
(ဃ) သဠာယတနဝဂ္ဂသံယုတ် အဋ္ဌကထာနိဿယ- ။
(င) မဟာဝဂ္ဂသံယုတ် အဋ္ဌကထာနိဿယ- ။

(စ) ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိဿယသစ်၊
(ဆ) ဋီကာကျော် နိဿယသစ်၊
(ဇ) ခန္ဓဝိဘာဝနီ ဋီကာပါဠ်၊
(ဈ) ကစ္စာယနသဂ္ဂဟပတ္ထဒီပနီ၊
(ည) သဒ္ဒဗ္ဗဘေဒစိန္တာနိဿယ၊
(ဋ) သမ္မန္ဓစိန္တာ နိဿယ၊
(ဌ) ကစ္စာယနသာရ နိဿယ၊
(ဍ) ဓာတုမာလာ လက်သန်းပါဠ်နိဿယ-

စသော ကျမ်းများစဉ်ကို ရေးသားစီရင်တော်မူခဲ့ပါသည်။ (စ-မှ ဈ-အထိ ကျမ်းများကို ပိဋကတ်တော်သမိုင်းဘွင် ရေးသား ဖော်ပြ ဆားသည်ကို မတွေ့ပါ။)

ညောင်ကန်ဆရာတော်ဟု ခေါ်ဝေါ်ခြင်းမှာ ညောင်ကန်ရွာကျောင်း၌ သီ ကင်းသုံးဖူး၍လည်းဓကာင်း၊ ညောင်ကန်ရွာ ဇာတိဖြစ်၍လည်းကောင်း ခေါ်ဝေါ်ကြဟန်ဘူပါသည်။ ဆရာတော်သည် ဘိုးတော်မင်းတရားကြီးလက်ထက်တွင် ဖွားမြင်တော်မူပြီး ဘကြီးတော်မင်း, သာယာဝတီမင်းနှင့် ပုဂံမင်းတို့ ကို ကျော်လွန်ကာ မင်းတုန်းမင်းလက်ထက်တွင် ပျံလွန်တော်မူပါသည်။

ပုံနှိပ်ထုတ်ဝေခြင်းအာသီသ

ပြည်ဆရာတော်၏ပေမူ ဇာတ်ပါဠိတော် နိဿယကို ရှေးအခါက ပုံနှိပ်တိုက် အသီးသီးက အထပ်ထပ်စက်တင်ပုံနှိပ်ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် နှစ်ပေါင်းရှည် ညောင်း၍ နောင်းလာသောအခါတွင် ပုံနှိပ်ပြီးစာအုပ်များမှာ သုတေသီနှဖဲ့ စာသင်သားတို့ အဆက်ဆက် အသုံးပြုသူများလှသဖြင့် စုတဲ့ပြတ်ခြင်း သို့မဟုတ် ခြောား ပိုးကိုက်ခြင်းတို့ဖြင့် ရှားပါးမှုအခြေအနေသို့ ရောက်ရှိခဲ့ပေသည်၊ ယခု အခါတွင် ရှာဖွေမရပဲ ရှိနေခဲ့သည်။ ရှာဖွေ၍ ရှိနိုင်သော်လည်း ဆွေးမြေ့ပိန်ရှမ်း သော စာအုပ်အဖြစ်ဖြင့်သာ ရရှိနေပေသည်။

ရှေးဟုရင်များခေတ် ပေခေတ်က ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၏ စာပေတို့သည် မူဟောင်း မူးကောင်း မူရင်းများဖြစ်သဖြင့် သာသနာတော် အတွက် လွန်စွာအကျိုးများခဲ့ပြီးဖြစ်ပေသည်။ ယင်းသို့ တန်ဖိုးကြီးမား အကျိုးများသော ရရှိရန်ခဲယဉ်းသော မူဟောင်း မူကောင်း မူရင်းများကို သာသနာငါးထောင်တည်တံ့ခိုးအတွက် ရည်မြော်၍ ထိန်းသိမ်းစောင့်ရှောက် ခြင်းအားဖြင့်လည်းကောင်း၊ ဗုဒ္ဓ၏နှိုတိစကား ဆုံးမကြားသော သင်ခန်းစာ များကို ရဟန်းရှင်လူ့ဘို့ ပေးလာဖတ်ရှု သင်ကြားပို့ချ မှတ်သားမှုတို့ဖြင့် ဗဟု

သုတ တိုးပွားရှု ပစ္စုပ္ပန် တမလွန် ဤနှစ်တန်အကျိုးများစေရန် ရည်သန်သော အားဖြင့်လည်းကောင်း(နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေး အရာရှိချုပ်နှင့် နိုင်ငံတော်ကောင်စီဝင်ဟောင်း)ဆရာကြီး ဦးလှမောင်(M.A, M.S, B.L) က သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေရန် မေတ္တာရပ်ခံပါသည်။ ယင်းဇာတ် ပါဠိတော်နိဿယ စာအုပ်အဟောင်း အနှမ်း သုံးအုပ်ကို လည်း ပေးအပ်ပါသည်။ ဆရာကြီး ဦးလှမောင် ပေးအပ်သော နိဿယစာမူကို မူရင်းမပျက်စေရန် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ နဂို ရှိရင်းစွဲ စာသားအတိုင်း ပုံသဏ္ဌာန်အတိုင်း ဓာတ်ပုံရိုက်ပြီး လစ်သိုစက်ကြီးဖြင့် ရိုက်နှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။

ဤနိဿယသစ် ရေးသားပုံ

ပြည်ဆရာတော်၏ နိဿယများသည် စီစဉ်ပုံ အရေးအသား ပြန်ဆိုချက်ကောင်းသဖြင့် နောက်နောက် နိဿယကျမ်းပြု ဆရာများသည် ပြည်ဆရာတော်၏ နိဿယကျမ်းများကို စံမှီပြုစုကြရပေသည်။ ဤဇာတ်ပါဠိတော်နိဿယကျမ်းကို ပြုစုပုံမှာ မြတ်စွာဘုရား၏ကိုယ်တော်ဖြစ်ရပ် ဆုံးမအပ်သောသင်ခန်းစာများကို ပါဠိတော်မူရင်းဂါထာအတိုင်း ဖတ်ရှုမှတ်သားနိုင်ကြစေရန် ရည်သန်၍ ရေးသားပြုစုထားပါသည်။

ထို့ကြောင့် ဆရာတော်သည် ပစ္စုပ္ပန်ဇာတ်ကြောင်းကိုစုံလင်စွာ မဖော်ပြတော့ပဲ အကျဉ်းချုံး၍ စကားစပ်မိရုံမျှသာ ဖော်ပြပြီးနောက် အတိတ်ဇာတ်ကြောင်းတွင် ပါဝင်သည့် မှတ်သားဖွယ် ဂါထာများကို နိဿယပြန်ဆိုထားခြင်း ဖြစ်ပါသည်။ ဗုဒ္ဓ၏ နိတိစကား မှတ်သားဖွယ် ပါဠိများ ဂါထာများကို စုစည်း၍ မှတ်သားမိစေရန် ရည်ရွယ်သဖြင့် ကျယ်ဂန်းမည့် စိုးသောကြောင့် အတိတ်ဇာတ်လမ်းနှင့် ဇာတ်ပေါင်းခန်းတို့ကိုလည်း ချန်လှပ်၍ ရေးသားထားပါသည်။

ဆရာတော်သည် နိဿယပြန်ဆိုရုံမျှသာမဟုတ်ပဲ သောတုဇနတို့ အကျိုးများစေရန်အတွက် ဂါထာတွင်ရှိသော ပါဠိများထဲမှ ခက်ခဲသည့် ပါဠိပုဒ်များကို ဆင္ဆကဆာဖွင့် ဋီကာဖွင့်တို့ဖြင့် အဓိပ္ပာယ်ဖော်ဆောင်၍ ပြဆိုခြင်းဖြင့်လည်းကောင်း၊ အလင်္ကာနည်း ဆန်းနည်းတို့ဖြင့်လည်းကောင်း ပုဒ်,ဓာတ်,ပစ္စည်းအရ ကောက် (ယုဂ်ပြီးပုံ) ပုဒ်ပြီးပုံ အစီအရင်ကို ပြခြင်း ဟူသော သဒ္ဒါနည်းဖြင့်လည်းကောင်း ရေးသားစီရင်ထားသော နိဿယကျမ်းဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် ဤနိဿယကျမ်းကို လေ့လာမှတ်ရှု သင်ကြားမှုပြုကြသော ရဟန်း ရှင် လူ ခပ်သိမ်းသူတို့သည် ကာလက်လျာပတ်လုံး ကျင့်သုံးသင့်

သော ဤနိဿယကျမ်းလာ ဘုရားရှင်၏ ညွှန်ကြားချက်တို့ကို လေ့လာသင်ကြား ဗဟုသုတပွားရှိ မှတ်သားမိရုံမျှသာ မဖြစ်စေပဲ လေ့လာသင်ကြားမှတ်သားမိသည့်အတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် အဆုံးသတ်နိုင်ကြပါစေသော်။

စိရံ တိဋ္ဌတု သဒ္ဓမ္မော

မမွာစရိယ-ဦးတင့်အောင်

ဒုတိယ-ကျမ်းပြုမှူး

သာသနာရေးဦးစီးဌာန

ကမ္ဘာအေး

သာသနာ ၂၅၂၄ ကောင်းသာရ-သုဒ္ဓ-ခုန္ဒစ၊ ဒုတိယ ဝါဆိုလဆန်း ၅-ရက် (၂၂-၇-၈၀)

ငါးရာ့ငါးဆယ်ဇာတ်မာတိကာ။

ဇာတ်စဉ် နံပါတ်။	ဇာတ်အမည်။	ဇာတ်စဉ် နံပါတ်။	ဇာတ်အမည်။
	{၁-အပဏ္ဏကဝဂ်}		{၃-ကုရုဂံဝဂ်}
၁	အပဏ္ဏက။	၂၁	ကုရုဂံ။
၂	ဝဏ္ဏုပထ။	၂၂	ကုက္ကုရ။
၃	သေရိဝ။ (သေရိဝဝါဏိဇ)	၂၃	ဂေါဓိယသိန္ဓဝ။
၄	ဗျဥ္ဇသေဋ္ဌိ။	၂၄	အာဇည။
၅	တဏ္ဍုဇုနဒ္ဒိ။	၂၅	တိဏ္ဍ။
၆	ဒေဝဓမ္မ။	၂၆	မဟိဠ္ဍာမုခ။
၇	ကဠဝါဟန။	၂၇	အာဘိဏ္ဍ။
၈	ဂါမဏိ။	၂၈	နန္ဒိဝိသာလ။
၉	ဒေဝဓုတ။ (မယ္ဈဒေဝ)	၂၉	ကဏ္ဍ။
၁၀	သုခဝိဟာရီ။	၃၀	မုနိက။
	{၂-ဆိဃဝဂ်}		{၄-ကုဏာဝကဝဂ်}
၁၁	လက္ခဏ။	၃၁	ကုလာဝက။
၁၂	နိဂ္ရောဓ။	၃၂	နန္ဒ။
၁၃	ကဏ္ဍိ။	၃၃	သမ္မောဒမာန။
၁၄	ဝါတမိဂ။	၃၄	မဏ္ဍ။
၁၅	ခရာဒိယ။	၃၅	ဝဠုက။
၁၆	တိပလ္လတ္ထ။	၃၆	သကုဏ။
၁၇	မာလုတ။	၃၇	တိတ္တိရ။
၁၈	မတကဘတ္တ။	၃၈	ဗက။
၁၉	အာယာစိတဘတ္တ။	၃၉	နန္ဒ။
၂၀	နဠပါန။	၄၀	ခဒိရင်္ဂါရ။

စာတ်စဉ်နံပါတ်။	စာတ်အမည်။
	{၅-အတ္ထကာမဝဂ်}
၄၁	လောသက။
၄၂	ကပေါတ။
၄၃	ဝေဠုဂ်က။
၄၄	မကသ။
၄၅	ရောဟိဏီ။
၄၆	အာရာမဒူသက။
၄၇	ဝါရဏီဒူသက။
၄၈	ဝေဒဗ္ဘ။
၄၉	နက္ခတ္တ။
၅၀	ဒုမ္မေဓ(လောကတ္ထရိယ)။
	{၆-အာဆိသဝဂ်}
၅၁	မဟာသိလဝ။
၅၂	ဗျဂ္ဃနက။
၅၃	ပုဏ္ဏပါတိ။
၅၄	ကိံဖလ။
၅၅	ပဉ္စာဝုဓ။
၅၆	ကဉ္စနက္ခန္ဓ။
၅၇	ဝါနရိန္ဒ။
၅၈	တယောဓမ္မ။
၅၉	ဘေရိဝါဒက။
၆၀	သဝိဓမ။
	{၇-ဒုတ်ထိဝဂ်}
၆၁	အသာတမန္တ။
၆၂	အတ္ထာဘူတာဘာတ။
၆၃	တက္ကပဏ္ဍိတ။
၆၄	ဒုရာဇာန။

စာတ်စဉ်နံပါတ်။	စာတ်အမည်။
၆၅	အနဘိရတိ။
၆၆	မုဒုလက္ခဏ။
၆၇	ဥစ္ဆင်္ဂ်။
၆၈	သာကေတ။
၆၉	ဝိသဝန္တ။
၇၀	ကုဒ္ဒါလပဏ္ဍိတ။
	{၈-ဝရဏဝဂ်}
၇၁	ဝရဏ။
၇၂	သိလဝနာဂရောဓ။
၇၃	သစ္စင်္ကိရ။
၇၄	ရက္ခဝမ္မ။
၇၅	မစ္ဆ။
၇၆	အသင်္ကယ။
၇၇	မဟာသုဝိန။
၇၈	ဇာလိသ။
၇၉	ခရဿရ။
၈၀	ဘီမသေန။
	{၉-အပါယိမ္ဟဝဂ်}
၈၁	သုရာပါန။
၈၂	ဓိတ္တဝိန္ဒက။
၈၃	ကာဠကဏ္ဏီ။
၈၄	အတ္ထဿဒ္ဓါရ။
၈၅	ကိံပက္က။
၈၆	သိလဝီမံသက။
၈၇	မင်္ဂလ။
၈၈	သာရမ္ဘ။

ဇာတ်စဉ်နံပါတ်။	ဇာတ်အမည်။	ဇာတ်စဉ်နံပါတ်။	ဇာတ်အမည်။
၈၉	ကုဟာက။		{၁၂-ဟဋ္ဌိဝဂ်}
၉၀	အကတညူ။	၁၁၁	ဂဒြိဘပဥ္စ။
		၁၁၂	အမရာဒေဝီပဥ္စ။
	{၁၀-လိတ္တာဝဂ်}	၁၁၃	သိဂ်ါလ။
၉၁	လိတ္တာ။	၁၁၄	မိတစိန္တီ။
၉၂	မဟာသာရ။	၁၁၅	လောလသာသိက။
၉၃	ဝိဿာသဘောဇနှ။	၁၁၆	ဒုဇ္ဇစ။
၉၄	လောမဟံသ။	၁၁၇	တိတ္တိရ။
၉၅	မဟာသုဒဿနှ။	၁၁၈	ဝဋ္ဋက။
၉၆	တေဇဝပတ္တာ။	၁၁၉	အကာဇရိဝိ။
၉၇	နာမသိဒ္ဓိ။	၁၂၀	ဗန္ဓနမောက္ခ။
၉၈	ကုဋဝါဏိဇ။		{၁၃-သရိက္ခဝဂ်}
၉၉	ပရောသဟာသ။		{ကုသနာဠိဝဂ်}
၁၀၀	အသာတရူပ။	၁၂၁	ကုသနာဠိ။
		၁၂၂	ဒုမ္မေဓ။
	{၁၁-ပရောဟာသဝဂ်}	၁၂၃	နဂ်ိထိသ။
၁၀၁	ပရောသတ။	၁၂၄	အမ္ဗ။
၁၀၂	ပဏ္ဍိက။	၁၂၅	ကဋာဟက။
၁၀၃	ဝေဓိ။	၁၂၆	အသိလက္ခဏ။
၁၀၄	မိတ္တဝိန္ဒက။	၁၂၇	ကလဏ္ဍုက။
၁၀၅	ဒုဇ္ဇလကဋ္ဌ။	၁၂၈	ဗိဠာရဝတ။
၁၀၆	ဥဒဉ္စနိ။	၁၂၉	အဋ္ဌိကဘာရဒ္ဒါဇ။
၁၀၇	သာဠိတက။ (သာလိတ္တ(၃၂)	၁၃၀	ကောသိယ။
၁၀၈	ဇဝဟိယ။		{၁၄-အသမ္မဒါနဝဂ်}
၁၀၉	ကုဏ္ဍကပ္ပဝ။	၁၃၁	အသမ္မဒါန။
၁၁၀	သဇ္ဇသာဟာရက။	၁၃၂	ဘီရုက။

ဝေါဟာရ	ဆိုလိုရင်းအဓိပ္ပာယ်
ကုန်ပါတော့	ပြီးဆုံးပါတော့
ခေတ်ပြိုင်	ဒီခေတ်မှာ
ခေတ်ကြီးခေတ်ဝေး	ခေတ်အဆက်ဆက်

{ပုံ-၁}

ငါးရုပ်သေးစာတန်း

ကျွန်တော်တို့ ကျောင်းသားများ ဖတ်ရှုရန် ငါးရုပ်သေးစာတန်းလေး တစ်ခုကို ရေးသားပေးထားပါသည်။ ဤစာတန်းလေးကို ဖတ်ရှုပြီးလျှင် ဆိုလိုရင်းအဓိပ္ပာယ်ကို ရှင်းပြနိုင်ကြပါစေ။

ငါးရုပ်သေးတို့သည် ရေကန်ကြီးတစ်ခုတွင် နေထိုင်ကြသည်။ ရေကန်ကြီးသည် ကျယ်ဝန်းသည်။ ရေကန်ကြီးတွင် ရေများစွာ ရှိသည်။ ရေကန်ကြီးတွင် ငါးရုပ်သေးများ အပြားအားဖြင့် နေထိုင်ကြသည်။ ငါးရုပ်သေးများသည် ရေကန်ကြီးတွင် ပျော်ရွှင်စွာ ကစားကြသည်။ ရေကန်ကြီးတွင် ရေညှိများ ပေါက်ရောက်နေသည်။ ရေညှိများသည် ငါးရုပ်သေးများ၏ အစားအစာ ဖြစ်သည်။ ငါးရုပ်သေးများသည် ရေညှိများကို စားသုံးကြသည်။ ရေညှိများသည် ရေကန်ကြီးတွင် ပေါများသ

ဇာတ်စဉ်နံပါတ်။	ဇာတ်အမည်။
၁၇၃	မက္ကဋ္ဌ။
၁၇၄	ဒုဿိယမက္ကဋ္ဌ။
၁၇၅	အာဒိစ္စုပဋ္ဌာန။
၁၇၆	ကဋ္ဌဝါဟမုဋ္ဌိ။
၁၇၇	တိန္ဒုကဿ။
၁၇၈	ကစ္ဆပ။
၁၇၉	သတဓမ္မ။
၁၈၀	ဒုဒ္ဒဒ။
	{၄-အသဒိသဝဂ်}
၁၈၁	အသဒိသ။
၁၈၂	သင်္ခါမဂဝစရ။
၁၈၃	ဝါလောဒကဿ။
၁၈၄	ဂိရိဒတ္တ။
၁၈၅	အနဘိရတိ။
၁၈၆	ဒဓိဝါဟန။
၁၈၇	စတုမဋ္ဌ။
၁၈၈	သိဟကောဋ္ဌု။
၁၈၉	သိဟစမ္မ။
၁၉၀	သိလာနိသဒ္ဒ။
	{၅-ရုဟကဝဂ်}
၁၉၁	ရုဟက။
၁၉၂	သိရိကာဠကဏ္ဏီ။
၁၉၃	ပုဉ္ဇပဒုမ။
၁၉၄	မင်္ဂလစောရ။
၁၉၅	ပဒုတပဏ္ဍရ။
၁၉၆	ဝလာဟက။
၁၉၇	သိဂ္ဂါသိဂ္ဂ။

ဇာတ်စဉ်နံပါတ်။	ဇာတ်အမည်။
၁၉၈	ရာဓ။
၁၉၉	ဂဟပတိ။
၂၀၀	သာရဒသိလ။
	{၆-ဒဠ္ဠဝဂ်}
၂၀၁	ဗန္ဓနာဂါရ။
၂၀၂	ကေဠိသိလ။
၂၀၃	ခန္ဓ။
၂၀၄	ဇိဂုစ္ဆ။
၂၀၅	ဂင်္ဂေယျ။
၂၀၆	ကုရုဂ်ဓိဂ။
၂၀၇	အဿဂ။
၂၀၈	သံသုမာရ။
၂၀၉	ကုက္ကုဋ္ဌ
၂၁၀	ကန္ဒလဂ။
	{၇-ဇိဂုဏ္ဆာထမ္ဘဝဂ်}
၂၁၁	သောမဒတ္တ။
၂၁၂	ဥမ္မဒန္တိဇာတ်။
၂၁၃	ကုရု။
၂၁၄	ပုဏ္ဏာနဒီ။
၂၁၅	ကစ္ဆပ။
၂၁၆	မဿု။
၂၁၇	သေဋ္ဌိ။
၂၁၈	ကုဋဝါဏိဇ။
၂၁၉	ဂရဟိတ။
၂၂၀	ဝမ္မဝဂ။
	{၈-ကာသာဝဝဂ်}
၂၂၁	ကာသာဝ။

ဇာတ်စဉ်နံပါတ်။	ဇာတ်အမည်။
၂၂၂	ရုဇနဒ္ဒိယ။
၂၂၃	ပုဒ္ဓဘတ္တာ။
၂၂၄	ကုန္တိလ။
၂၂၅	ခန္တိဝဏ္ဏော။
၂၂၆	ကောသိယ။
၂၂၇	ဂုထပါဏ။
၂၂၈	ကာမနီတ။
၂၂၉	ပလာယိတ။
၂၃၀	ဒုတိယပလာယိတ။
	{၉-ဥပါဟနဝဂ်}
၂၃၁	ဥပါဟန။
၂၃၂	ဗိဇာဂုဇာ။
၂၃၃	ဗိကဏ္ဏက။
၂၃၄	အသိတာဘူ။
၂၃၅	ဝဋ္ဋနဒ။
၂၃၆	ဗက။

ဇာတ်စဉ်နံပါတ်။	ဇာတ်အမည်။
၂၃၇	သာကေတ။
၂၃၈	ဇကေပဒ။
၂၃၉	ဟရိတမဏ္ဍူ။ကာ။
၂၄၀	မဟာဗိဂ်လ။
	{၁၀-သိဂ်ာလဝဂ်}
၂၄၁	သဇ္ဇဒါဠ်။
၂၄၂	သုနခ။
၂၄၃	ဂုတ္တိလ။
၂၄၄	ဗိဂတိဆွဲ။
၂၄၅	မှလပရိယာယ။
၂၄၆	ဗာဇဝေါဒါဒ။
၂၄၇	ပါဒဉ္ဇလိ။
၂၄၈	ကိံသုကောပမ။
၂၄၉	သာလက။
၂၅၀	ကဗိ။

တိကနိပါတ်။

	{၁-သက်ပ္ပဝဂ်}
၂၅၁	သက်ပ္ပရာဂ။
၂၅၂	တိလဝုဋ္ဌိ။
၂၅၃	မကိုကတ္တု။
၂၅၄	ကုဏ္ဍကသိန္ဓဝ။
၂၅၅	သုက။
၂၅၆	ဇဋ္ဌဒပါန။
၂၅၇	ဂါမဏိစန္ဒ။

၂၅၈	မန္ဓာတု။
၂၅၉	တိရိဋိဝစ္ဆ။
၂၆၀	ဒုတ။
	{၂-ပဒုမဝဂ်}
၂၆၁	ပဒုမ။
၂၆၂	ရဒ္ဓပါဏိ။
၂၆၃	ဗျဥ္ဇပလောဘန။
၂၆၄	မဟာပနာဒ။

စာတ်စဉ် နံပါတ်။	စာတ်အမည်။	စာတ်စဉ် နံပါတ်။	စာတ်အမည်။
၂၆၅	ချရပ်။	၂၀၃	ဝဆုကိသူကရ။
၂၆၆	ဝါတဂ္ဂသိန္ဓဝ။	၂၀၄	သိရိ။
၂၆၇	ကုဋ္ဌိရ။(ကက္ကဋ)	၂၀၅	မဏ်ဃံသ။
၂၆၈	အာရာမဒူသက။	၂၀၆	သာလူက။
၂၆၉	သုဇာတ။	၂၀၇	လာဘဂရဟ။
၂၇၀	ဥလူက။	၂၀၈	မဆွဲဒြါန။
	{၃-အရည်ဝဂ်}	၂၀၉	နာနာဆန္ဒ။
၂၇၁	ဥဒပါနဒူသက။	၂၉၀	သိလဝိမံသ။
၂၇၂	ဗျယ်။		{၅-ကုမ္ဘဝဂ်}
၂၇၃	ကဆ္ဆပ။		
၂၇၄	လောလ။	၂၉၁	သုရာယဒူ။
၂၇၅	ရုစိရ။	၂၉၂	သုပတ္တ။
၂၇၆	ဂရုဓမ္မ။	၂၉၃	ကာယနိပ္ပိန္ဓ။
၂၇၇	ရောမက။	၂၉၄	ဇမ္ဗုခါဒက။
၂၇၈	မဟိံသရာဇ။	၂၉၅	အန္ဓ။
၂၇၉	သတပတ္တ။	၂၉၆	သမုဒ္ဒ။
၂၈၀	ပဒုမဒူသက။	၂၉၇	ကာမဝိလာပ။
	{၄-အင်္ကုရဝဂ်}	၂၉၈	ဥဒုမ္ဗရ။
၂၈၁	အင်္ကုရ။	၂၉၉	ကောမာရပုတ္တ။
၂၈၂	သေယျ။	၃၀၀	ဝက။

ပဏာမဂါထာ



ဇာတိကောဋိသဟဿေသဟိ၊ပမာဏရဟိတံဟိတံ။
လောကဿလောကနာထေန၊ကတံယေနမဟာသိနာ။ ။
တဿပါဒေနမဿိတ္ဝာ၊ကတ္ဝာဓမ္မဿစ္ဆလိံ။
သံဃစ္ဆေပဒိမာနေတ္ဝာ၊သဗ္ဗဿမ္မာနဘာဇနံ။ ။
နမဿနာဒိနောအဿ၊ပုညဿရတနတ္တယေ။
ပဝတ္တိဿာနုဘာဝေန၊ဆေတ္ဝာသဗ္ဗဥပဒ္ဒဝေ။ ။
တံတံကာရဏမာဂမ္မ၊ဒေသိတာနိဇတိမတာ။
အပဏ္ဏကာဒိနိပုဏ္ဏာ၊ဇာတကာနိမဟာသိနာ။ ။
ယာနိယေသုစိရံသဏ္ဌာ၊လောကနိတ္ထရဏတ္ထိကော။
အနန္တေဇောဓိသမ္ပာရေ၊ပရိပါစေသိနာယကော။ ။
တာနိသဗ္ဗာနိကေဏ္ဏေ၊အာရောပေန္တေဟိသင်္ဂဟံ။
ဇာတကံနာမသင်္ခိတံ၊ဓမ္မသင်္ဂါဟကေဟိယံ။ ။
ဗုဒ္ဓဝံသဿဇေတဿ၊ဇုဠ္လာနေနစရဋ္ဌိတိ။
ယာစိတောအာဘိဂတ္တွာန၊ဓိရေနသတ္ထုဒဿိနာ။ ။
ပဒီဃောသအမစ္စေန၊ဖိုင်းခိုင်းနဂရဘောဂိနာ။
ဒိဿာပါမောက္ခစေရေန၊တောင်သာနဂရဘောဂိနာ။ ။
မဟာပုရိသစရိယာနံ၊အာနုဘာဝံအစိန္တိယံ။
တဿဝိဇောတယန္တဿ၊ဇာတကဿတ္ထနိဿယံ။ ။
လဒ္ဓါပဒေသနိဿာယ၊ကရိဿာမိဟိတာဝဟံ။
ဝိပလ္လတ္ထုပဒက္ခရံ၊သောဓေတ္ဝာနသာရကန္တိ။ ။

အဟံ၊ငါသည်။ဇာတိကောဋိသဟဿေသဟိဝါ၊ရတိပဒိသန္နေဖြင့်ပိုင်းခြားအပ်သောအဖြစ် ဘဝကုန်ရောအထောင်တို့ဖြင့်လည်း။ အပရိမိတ္တံနှံ၊မပိုင်းခြားနိုင်သည်ကို။ ကတ္ဝာ၊ပြု၍။ တနည်း။ ဇာတိကောဋိသဟဿေသဟိဝါ၊ ရတိပဒိသန္နေဖြင့် ပိုင်းခြားအပ်သော ဘဝကုန်ရောအထောင်တို့ဖြင့်

လည်း။ အပရိန္တိန္နကာလံ၊ မင့်ိင်းခြားနိုင်သောကာလပတ်လုံး။ ပလောက
သ၊သတ္တလောကဏ်။ ပမာဏရဟိတံ၊နှိုင်းရှည့်ကြောင်းပမာဏမှကင်း
သော။ဟိတံ၊အစိုးအပွါးကို။လောကနာထေန၊လူသုံးပါးတို့၏ကိုးကွယ်
ရာဖြစ်တော်မူသော။ ယေနမဟာသိနာ၊အကြင်မြတ်စွာဘုရားသည်။က
တံ၊ပြုတော်မူအပ်ပြီ။ ။တသ္မာဒိသသ၊ထိုဆိုအပ်ပြီးသောဂုဏ်နှင့်
ပြည့်စုံသောသဘောရှိတော်မူသော။ မဟာသိနော၊မြတ်စွာဘုရား၏။ပါ
ဒေ၊ခြေတော်တို့ကို။နမသ္သိတ္ဝာ နမဿာမိ၊ရှိခိုးပါ၏။ နမသ္သိတ္ဝာ၊ရှိခိုးပြီး
၍။ ဓမ္မသစ၊ဆယ်ပါးသောတရားတော်အားလည်း။ အဠလိ၊လက်အုပ်
ကို။ဝါ၊အဠလိ အဠလိပဂ္ဂဟံ၊လက်အုပ်ချီခြင်းကို။ကတ္ဝာ ကရောမိ၊ပြုပါ
၏။ကတ္ဝာ၊ပြုပြီး၍။ သဗ္ဗသမ္မာနဘာဇနံ၊အလုံးစုံသော သတ္တလောက၏
မြတ်နိုးပူဇော်ခြင်း၏ တည်ရာဖြစ်သော။ သံဃဿ၊ရှစ်ယောက်သော ပရ
မတ္ထသံဃာ, သမ္မုတိသံဃာတော်ကိုလည်း။ ပဋိမာနေတ္ဝာ ပဋိမာနေမိ၊
မြတ်နိုးကော်ရော်ပူဇော်ပါ၏။ပဋိမာနေတ္ဝာ၊မြတ်နိုးကော်ရော်ပူဇော်ပြီး
၍။ ။ရတနတ္တယေ၊ရတနာတို့၏သုံးပါးတို့၏ အပေါင်း၌။ပဝတ္တာသေ၊ဖြစ်
သော။ နမသ္သနာဒိနော၊ရှိခိုးခြင်းအစရှိသော။ဝါ၊ရှိခိုးခြင်း လက်အုပ်ချီ
ခြင်းပူဇော်မြတ်နိုးခြင်းဟု ဆိုအပ်သော။ အသ္သပုညသ၊ဤသို့သောကု
သိုလ်၏။အာနုဘာဝေန၊အာနုဘော်ဖြင့်။သဗ္ဗေ၊ကုန်အောင်ရုံကုန်သော။
ဥပဒ္ဒဝေ၊ ကပ်ရှိပ်စက်တတ်သောဥပဒ်ဘေးဒဏ်အန္တရာယ်တို့ကို။ ဆေ
တ္ဝာ၊ဖြတ်ပယ်ပြီး၍။ ။တံတံကာရဏံ၊တိုထွိတို့ကိုတဘန်ကွယ်ပြုနေ
ခြင်းအစရှိသောထိုထိုအကြောင်းကို။ အာဂမ္မ၊အကြောင်းပြု၍။ အပဏ္ဏ
ကာဒိနိ၊ အပဏ္ဏကဇာတ် အစရှိကုန်သော။ ယာနိဇာတကာနိ၊အကြင်
ဇာတ်တော်တို့ကို။ ဇိတိမတာ၊အဆင်းတော် အရောင်, ဥာဏ်တော် အ
ရောင်နှစ်ပါးနှင့် ပြည့်စုံတော်မူသော။ မဟာသိနာ၊မြတ်စွာဘုရားသည်။
ပုရာ၊သင်္ကာယနာမတင်မိဂျေးကာလ၌။ဒေသိတာနိ၊ဟောတော်မူအပ်ကုန်
ပြီ။ ။ယေသုဇာတကေသု၊အကြင်ဇာတ်တော်တို့၌။လောကနိဿရဏာထိ
ကော၊သတ္တလောကကို ဝဋ်ဒုက္ခမှထုတ်ဆယ်ကယ်တင်လိုသော သမ္မာ
သန္ဓရှိတော်မူသော။ နာယကော၊လူသုံးပါးတို့ကို နိဗ္ဗာန်ကူးတို့ပို့တော်မူ
ပေတတ်သော။ သတ္ထာ၊မြတ်စွာဘုရားသည်။ အနန္တေ၊အဆုံးအပိုင်းအ
ခြား မရှိကုန်သော။ ဇေဝိသမ္ဘာရေ၊ အရဟာဇ္ဇမဂ်ဉာဏ် သဗ္ဗညုတ
ညာဏ်၏အဆောံအဦဖြစ်ကုန်သော ပါရမီစာဂစရိယတို့ကို။ စိရံ၊ရှည်

မြင့်စွာသောကာလပတ်လုံး။ပရိပါစေသိ၊ရင့်စေတော်မူပြီ။ ။သဗ္ဗဉာဒိ၊ ကုန်အောင်စုံကုန်သော။တာဒိဇာတကာဒိ၊ထိုဇာတ်တော်တို့ကို။ကေစ်၍၊ အဘိုးတရုထည်းပြု၍။ သင်္ဂီဟံ၊ သင်္ဂါယနာသို့။ အာရောပေန္တော်၊တင်တော်မူကုန်သော။ ဓမ္မသင်္ဂါဟကေဟိ၊သုတ်အဘိဓမ္မာပိနည်းကိုသင်္ဂါယနာတင်ကုန်သောအသျှင်မဟာကဿပအစရှိကုန်သော မဟာထေရ်တို့သည်။ယံပကရဏံ၊အကြင်ကျမ်းကို။ဇာတကံနာမ၊ဇာတ်အမည်ရှိ၏၍ဟူ၍။သကိတုံ၊သင်္ဂါယနာတင်အပ်ပြီ။ ။ဗုဒ္ဓဝံသသာ၊ဘုရားအနွယ်တော်ကိုပြတတ်သော။ ဇေတသဇာတကသာ၊ထိုဇာတ်တော်ဇာ၏။ စိရဋ္ဌိတိံ၊ငါး ထောင်ရှည်ကြာ ကာလပတ်လုံး တည်ခြင်းကို။ ဇာနဆွေနှောန၊ကောင်းမြတ်သောအလိုသမ္မာဆန္ဒရှိထသော။ ဓိရေန၊သဘောအမှန် လျင်မြန်စွာမှတ်နိုင်ဆောင်နိုင်သောပညာရှိထသော။သတ္ထုဒဿိနာ၊ဝိဒူကတ်ကျမ်းလော ကီကျမ်းတို့၌ မြင်စွမ်းနိုင်သောပညာမျက်စိရှိထသော။ (ဤဝိသေသနနှစ်ချက်ကို ကတ္တားနှစ်ချက်၌စပ်)။ ဖိုင်းခိုင်းနဂရဘောဂိနာ၊ ဖိုင်းခိုင်းမြို့စား ဖြစ်ထသော။ပဒိုဃောသအမတ္တေန၊သာသနာ့ဒါယကာ တရားမင်းသည် လက်ရင်းစေသုံးအပ်သောသံတော်ဆင့်အမတ်သည်၎င်း။တောင်သာ နဂရဘောဂိနာ၊တောင်သာမြို့စားဖြစ်ထသော။ဒိသာပါမောက္ခာစေရေန၊ ဒိသာပါမောက္ခဟုထင်ရှားကြောင်သော ဇကရာဇ်မင်းဆရာသည်၎င်း။ အဘိဂတ္တိုဒနာ၊ရှေး၌ဆည်းကပ်၍။ ယာစိတောဝ၊တောင်းပန်အပ်သော။အဟံ၊ငါသည်။ ။မဟာပုရိသစရိယာနံ၊ယောကျ်ားမြတ်ဖြစ်ကုန်သောဘုရားလောင်းအကျင့်တော်တို့၏။ အစိန္တိယံ၊မကြံစည်အပ်မကြံစည်နိုင်မကြံစည်ကောင်းသော။အာနုဘာဝံ၊အစွမ်းအာနုဘော်ကို။ဓိဇောတယန္တသာ၊အထူးထူးအပြားပြားပြတတ်ထသော။ဇာတကသာ၊ ရှေးအဖြစ်အပ္ပဋိပတ္တိတော်ကိုဟောရာဇာတ်ကျမ်း၏။အတ္ထနိသယံ၊အနက်၏မှီရာမြန်မာဘာသာနိသျကျမ်းကို။ ။လင်္ခါပဒေသံ၊မဟာသယောစသည်တို့၌ ဒုဿိုကွဒိုပ်စက်လျက်လည်း အသက်ကိုပမာဏမထား ကျားမင်းပုဏ္ဏာရိက်သို့စိတ်သွားတိုင်းကိုယ်ပါလျက်၊ထိုရွာ၌ရွာဆရာကောင်းထံကျိုးနှံကပ်ဆည်း၊ ရအပ်သောနဉ်းကောင်းလက်ဆုပ်ဥပဒေသကို။နိသာယနိသယံကတွာ၊ အမှီပြု၍။ ဝိပလ္လတ္ထပဒက္ခရံ၊ဘေဝံပြန်ပျက်စီးသောပုဒ်အက္ခရာကို။ သာရကံ၊မှန်ကန်သောဘောကောင်းမှန်စွာလျှင်။သောဓေတွာ နာ၊အဋ္ဌကထာဝိကာနိဂုတ္တိကျမ်း ရုံစပ်နိုင်းညှိ မှုရင်းထိအောင်သုတ်သင်

၍။ဟိတာဝဟံ၊သောတုဇနတို့၏ အစီးအပွါးကိုဆောင်နိုင်သည်ကို။က
တွာ၊ပြု၍။ကရိဿာမိ၊စိရင်ပေအံ့။ဣတိ၊ဤသည်လျှင် ရတနတ္တယပဏာ
မစသည်ကိုဆိုရာဂန္ထာရမ္ဘစကားရပ်အပြီးသတ်တည်း။ ။

ဇိနေန္ဒြမတ္ထောဘသကုမ္ဘစာရိနိ၊ဇိနောရသာနံမုခပက်ဖောင်ဒိနိ။
သရသွတိမေမုခဂန္ဓဂန္ဓိနိ၊ရမတွနာယာသသဒ္ထသူဒနိ။ ။

ဇိနေန္ဒြမတ္ထောဘသကုမ္ဘစာရိနိ၊မာရ၏ငါးပါးကိုအောင်တော်မူပြီးသည်
ဖြစ်၍ လောကသုံးပါးခွါအစိုးရတော်မူသော ဂုစ်ပါးသောပရိသတ်တို့၏
အလယ်၌ရဲရင့်သည်ဖြစ်၍ အမြဲနှစ်ရစ်သောဆဒ္ဒန်ဆင်မင်းနှင့် တူတော်မူ
သောမြတ်စွာဘုရား၏ ပါးစောင်နှစ်ဘက်မှဆင်းသက် လျှောက်၍ အာ
သောက်ယိုစီးသောဆင်မြန်နှင့် တူသောသူ တပါးတို့၏ မာန်ရစ်ခြင်းစ
သည်တို့ကို နှိပ်နင်းခြင်းဌါစွမ်းနိုင်သော မကြောက်မ့ရွံ့ဆိုအပ်သောစ
ကားတော်သံခွါဖြစ်ခြင်းအလေ့ရှိထ၏သော။ဇိနောရသာနံ၊ငါးမာရ်အောင်
မြင်သုံးလူ့ဂုဏ်၏ရွှေရင်တော်နှစ်သားရင်းစစ်ဖြစ်ကုန်သော အသျှင်သာရိ
ပုတ္တရာအသျှင်မဟါကဿပအစရှိကုန်သေါအသျှင်မြတ်တို့၏။မုခပက်
ဖောင်ဒိနိ၊ ခံတွင်းတော်တည်းဟူသော ပုဏ္ဏာရိက်ကြာတိုက်ခွါ ကောင်းစွာ
နေလျက်အနက်သဒ္ဒါအရသာကိုကောင်းစွာ ယူဆောင်တတ်သည်ဖြစ်
၍ပကတိသောပုဏ္ဏာရိက်ကြာတိုက်ခွါကောင်းစွာနေလျက် ပန်းရက်အရ
သာကို ယူဆောင်တတ်သောဝိတုန်းနှင့်တူသည်မူလည်း ဖြစ်ထသော။
ဂဇ္ဈတိနိ၊မြတ်စွာဘုရား၏စကားတော်သံတည်းဟူသောနတ်ယောက်ျားနှင့်
ပေါင်းယှဉ်ခြင်းကြောင့် ယူအပ်သောနေယျတ်နိတတ်အစရှိသော မြတ်
သောအနက်တည်းဟူသော သားကောင်းရတနာကို ဘွဲ့ကာနိုးသော
ကိုယ်ဝန်ရှိထသော။ သရသွတိ၊သူရဿတိနတ်ဘွဲးတည်းဟူသောဝိဇ္ဇ
ကတ်သုံးပုံသည်။ ဝါ၊ဝိဇ္ဇကတ်သုံးပုံတည်းဟူသောသူရဿတိနတ်ဘွဲး
သည်။အနာယာသာ၊ ငြိုငြင်ပင်ပန်းခြင်းမရှိသည်ဖြစ်၍။ မေ၊ငါ၏။ မုခ
ဂဇ္ဈေ၊ ခံတွင်းတည်းဟူသော ပုဏ္ဏာရိက်ကြာတိုက်ခွါ။ ဝါ၊ပုဏ္ဏာရိက်ကြာ
တိုက်တည်းဟူသောခံတွင်းခွါ။ သဒ္ထသူဒနိ၊မိမိ၏နေယျတ်နိတတ်အစ
ရှိသောမြတ်သော အနက်တည်းဟူသော ရွှေတုံးရွှေခဲ သားရတနာကို
ကောင်းစွာဘွဲ့ကာလျက်။ရမတု၊ဖွယ်လျော်ပါလတ္တည့်။ ။

ရာတိပါဠိတော်သို့။

(၁-ကေနိပါတ်)

၁-အပဏ္ဏကဇာတ်။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

(၁) ဤအပဏ္ဏကဇာတ်ဓမ္မဒေသနာကိုသဗ္ဗညုဂုရင်တော်ဘုရားသည် သါဝတ္ထိပြည်ကိုဆွမ်းခံအမှီပြု၍ဧတဝဂ်နကျောင်းကြီးဦးနေတော်မူစဉ်၊ ကျောင်းကြီးဒါယကာ အနာထပိဏ်သူဌေး၏ အဆွေခင်ပွန်း ဖြစ်ကုန်သော ငါးရာသောတိတ္ထိတပည့်တို့ကိုအကြောင်းပြု၍ဟောတော်မူသည်။

အ-ပဏ္ဏကံ ဌာန-မေကေ၊ဒုတိယံ အာဟု တက္ကိကာ။
ဇေတ-ဒညာယ မေဓာဝိ၊တံ ဂဏ္ဍေယျ အ-ပဏ္ဏကံ။ ၁ ။

(၁) ဂဟပတိ၊အနာထပိဏ်သူဌေး။ဇေကေ၊ဘုရားလောင်းအကြီးအကဲရှိကုန်သောအမျိုးကုန်သောပညာရှိကုန်သည်တို့သည်။ အပဏ္ဏကံ၊စင်စစ်စီးပွါးချမ်းသာကိုဆောင်တတ်သည်၏အဖြစ်ကြောင့် မချွတ်မယွင်းဆင်းရဲခြင်းမှထွက်မြောက်စေတတ်သော။ ဌာန်၊အကြောင်းကို။ဂဏ္ဍေ သူ၊ယူကုန်ပြီ။ ယေဟန၊အကြင်အမြေအမြင်နည်းကုန်သော သူတို့သည်ကား။ တက္ကိကာ၊ဒိဋ္ဌိဘေတရှိကုန်သော သူတို့သည်ကား။ တမ္ပိ၊ထိုအပဏ္ဏကံ၊ဒုတိယံ၊ဒုတိယအကြိမ်မြောက်သော။ အာဟု၊ဖြစ်ကုန်ပြီ။ တေမ

☞ အစဝဂ်ကနိုးကားဖော်ပြသည်နှုတ်ကပ်၊အဆုံးဂ်ကနိုးကားဂါထာဝေရနုတ်က်။
ကမ္မည်းလိုင်နှံကွင်းအိုင်းမှဂ်ကနိုးလည်းဟိန္ဒီဟော်ဂါထာနုတ်ကပ်ဝင်တည်း။

နုသဿ၊ တိုအမြေ့အမြင်နည်းသောလှည်းကုန်သည်မိုက် အကြိုးအမှုးရှိ ကုန်သောသူတို့သည်။ဒုတိယံ၊အပဏ္ဏကဌာနနိယျာနိကပဌမအကြောင်း မှန့်စရဖြောက်ဖြစ်သော။ဌာနံ၊အပြစ်မကင်း ဆွတ်ယွင်းမှားမှေံသောအ နိယျာနိက ဆင်းရဲခြင်းမှမထွက်မြောက်စေတတ်သော အကြောင်းကို။ အဂ္ဂဟေသုံ၊ယူကုန်ပြီ။ မေဓာဝိ၊ထက်မြက်သန့်ရှင်းသော ပညာရှိသော သူသည်။ဇေတံ၊ထိုအပဏ္ဏက,တက္ကဂါဟအကြောင်းနှစ်ပါးတို့ဖြစ်အကျိုးအ ပြစ်ပွါးစီးခြင်း ဆုတ်ယုတ်ခြင်းကို။အညာယ၊ယထာဘူတပညာဖြင့်ဆိ ၍။တံအပဏ္ဏကံ၊ ထိုစင်စစ်စီးပွါးချမ်းသာကိုဆောင်တတ်သည့်အဖြစ် ကြောင့်မချွတ်မယွင်း ဆင်းရဲခြင်းမှ ထွက်မြောက် စေတတ်သော အ ကြောင်းကို။ဂဏ္ဍေယျ၊ယူရာ၏။ ။

ထိုဂါထာ၌ သရဏာဂုံသုံးပါးငါးပါးသောသိလ ပါတိမောက္ခသံဝရ သိလ,ဣန္ဒြိယသံဝရသိလ, အာဇီဝပါရိသုဒ္ဓိသိလ, ပစ္စယပဋိသေဝန,ဟူ သောအလုံးစုံသောစတုပါရိသုဒ္ဓိသိလ၊ ဣန္ဒြိယသုဂုတ္တဒွါရတာ,ဘော ဇနမတ္တညုတာ,ဇာဂရိယာနုယောဂ,ဈာန်,ဝိပဿနာ,အာဘိညာဉ်, သ မာပတ်, အရိယမဂ်, အရိယဖိုလ်ဟူသော ဤအလုံးစုံသည် အပဏ္ဏက ဌာနမည်၏။ ဤအပဏ္ဏက အကျင့်မည်သည်ကား၊ ခပ်သိမ်းကုန်သော ဘုရား,ပစ္စေကဗုဒ္ဓါ,ဘုရားသားတော်တို့၏အကျင့်တည်း။ခပ်သိမ်းကုန် သောဘုရားတို့သည်အပဏ္ဏကအကျင့်ကိုသာလျှင်ကျင့်၍ မြိုတ်ဝိရိယ ဖြင့်ပါရမီတို့ကိုဖြည့်ကုန်၍ ဗောဓိပင်၏အရပ်၌ဘုရားဖြစ်ကုန်၏။ပစ္စေ ကဗုဒ္ဓါတို့သည် ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေကုန်၏။ ဘုရားသား တော်တို့သည်လည်း သာဝကပါရမီဉာဏ်ကို သိကုန်၏။ ထို့ကြောင့် ပညာရှိသည်အပဏ္ဏကအကျင့်ကိုသာလျှင်ယူရာ၏။ဤသို့မြတ်စွာဘုရား သည်သိတင်းသည်တို့အားသုံးပါးသောကုလသမ္ဗန္ဓတို့ကိုဂုဏ်း၊ကာမာ ဝစရနတ်ပြည်ခြောက်ထပ်ဋ္ဌမဈာန်ဆယ်တို့၌သမ္ဗန္ဓတို့ကိုဂုဏ်းပြပြီး၍ အ ဆုံးခိုအရဟတ္တမဂ် အရဟတ္တဖိုလ်ကိုပေးတတ်သောအကျင့်သည် အ ပဏ္ဏကအကျင့်မည်၏။ လေးပါးကုန်သောအပါယ်တို့၌ဂုဏ်း၊ ငါးပါးကုန် သော ယုတ်သော အမျိုးတို့၌ဂုဏ်း ဖြစ်ခြင်းကို ပေးတတ်သော အကျင့် သည်ပဏ္ဏကအကျင့်မည်၏ဟူ၍ အပဏ္ဏကဒေသနာကို ပြတော် မူပြီး၍ အလွန်လေးပါးကုန်သောသစ္စာတို့ကို တဆဲ့ခြောက်ပါးကုန်သော အခြင်း အရာတို့ဖြင့်ပြတော်မူ၏။ သစ္စာလေးပါးကို ပြသည်၏အဆုံးခို အလုံးစုံ

လည်းပြစ်ကုန်သော ထိုငါးရောကုန်သောတိရစ္ဆာန်တို့၏တပည့်ဖြစ်ဘူးကုန်သောသိတင်းသည်တို့သည်သောတာပတ္တိဖိုလ်၌တည်ကုန်၏။ ။အဝိရဒ္ဓေါအပဏ္ဏကော။ ။အာဘိဓာန်။ ။ပဏ္ဏဗျဝဟာရတ္ထုတီသူ။ကွေ့။ ဝိရဒ္ဓဝေါဟာရေနနပဏ္ဏာပေတိတျပဏ္ဏကော။ ။ဂုင်းဦးကာ။ ။အပဏ္ဏကဇာတကံပဌမံ။ ။

၂-ဝဏ္ဏပထဇာတ်။

(၂) လူနတ်ဗြဟ္မာဆုံးမနာ၍၊သတ္ထာမည်ရှိ၊စောမုနိသည်၊အကိလာသုနော,အစရှိသော ဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော၌ဝဏ္ဏပထဇာတ်ဓမ္မဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းဦးနေတော်မူစဉ်၊ လျှော့လွှတ်သောဝိရိယရှိသော တဦးသောရဟန်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

အ-ကိလာသုနော ဝဏ္ဏ-ပထေ ခဏန္တာ၊ဥဒ၊ဂ်ဏော တတ္ထ ပပံ အဝိန္ဒုံ။ ဇဝံမုနိ ဝိရိယ-ဗလူ၊ပပန္နော၊အ-ကိလာသု ဝိန္ဒေ ဟဒယာသေ သန္တိ ံ။ ၂။ (၂) ဘိက္ခဝေ၊ရဟန်းတို့။အ-ကိလာသုနော၊အပျင်းမရှိစိစိကျပ်ကျပ်အားထုတ်အပ်သောလုံ့လရှိကုန်သောလည်းကုန်သည်တို့သည်။ဗဏ္ဏ-ပထေ၊သဲခရိုး၌။ ခဏန္တာ၊တူးကုန်လတ်သော်။အဂ်ဏော၊လူတို့၏သွားလာရာမြေအပြင်ဖြစ်သော။တတ္ထ တံသို့ဝဏ္ဏပထေ၊ထိုသဲခရိုး၌။ ပပံ၊ ပွါးတက်သောများစွာသောရေကို။အဝိန္ဒုံ၊ရကုန်ပြီ။ ဇဝံတထာ၊ထို့အတူ။ဝိရိယဗလူ၊ပပန္နော၊သည်းသောဝိရိယ ကာယဗလနှင့်ပြည့်စုံသော။ အ-ကိလာသု၊အပျင်းမရှိသော။မုနိ၊ပညာရှိသောရဟန်းသည်။ဟဒယာသေ၊စိတ်၏။ သန္တိ ံ၊ငြိမ်းသည်၏အဖြစ်ကို ပြုတတ်သော ဈာန်ဝိပဿနာပညာအာဘိညာဉ်အရဟတ္တမဂ်ဉာဏ်ဟူဆိုအပ်သောအဂ္ဂိယာဟ္ဂိုဏ်တရားကို။ဝိန္ဒေ၊ရ၏။ ။ဥဒါတိနိုပါတော။ ။ပဝရံ အာပံပပံ၊မဟောဒကန္တိ အဏ္ဏော။ ။ အနောင်အာကျော၊စပ်လေသင်္ခရုပ်။ ။မုနိသည်၊အဂါရိယမုနိ၊အနဂါရိယမုနိ၊သေက္ခမုနိ၊အသေက္ခမုနိ၊ပစ္စေကဗုဒ္ဓမုနိ၊ မုနိမုနိဟူ၍များသောအပြားရှိ၏။ထိုမုနိတို့တွင် ရအပ်ပြီးသောဖိုလ်၊ ထိအပ်ပြီးသောသာသနာရှိသောလူသည်အဂါရိယမုနိမည်၏။ ထိုသို့သောဘောရှိသည်သာလျှင်ဖြစ်သော ရဟန်းသည် အနဂါရိယမုနိမည်၏။ သေက္ခဂုနစ်ယောဝံသည်

ဇကနိပါတ်ဇာတ်ပါဠိတော်နိဿျ။ (၃)

သေက္ခမုနိမည်၏။ရဟန္တာသည်အသေက္ခမုနိမည်၏။ပစ္စေကဗုဒ္ဓါသည် ပစ္စေကဗုဒ္ဓမုနိမည်၏။ သဗ္ဗညုဗြတ်စွာဘုရားသည်မုနိမုနိမည်၏။ဤအာ ရာဒ္ဓအာလုံးစုံသော မုနိကိုယူသည်၏ အစွမ်းအားဖြင့် ပညာနှင့် ပြည့်စုံသည်၏အဖြစ်ကြောင့်မုနိဟူ၍သိအပ်၏။ ။အဓိပ္ပါယ်ကား။ ထိုကုန်သည်တို့သည်မပျင်းမရိကုန်သည်ဖြစ်၍သဲခရိုးဒွီကူးကုန်လတ်သော် ရေကိုရကုန်၏သို့၊ထို့အတူဤသာသနာတော်၌လည်း မပျင်းမရိသည်ဖြစ်၍ လုံ့လပြုသော ပညာရှိသောရဟန်းသည် ဤစျာန်အစရှိသည် အပြားရှိသောစိတ်၏ငြိမ်းခြင်းကိုပြုတတ်သောဘရားကိုရ၏။ ရဟန်း၊သင်သည် ရှေးဒွီရေမျှ၏အကျိုးငှါ လုံ့လပြု၍ ယခုအခါဒွီ ဤသို့သဘောရှိသောမဂ် ဖိုလ်ကိုပေးတတ်သော ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်းဖြစ်သော သာသနာဒွီဝိုရိယကိုအဘဲ့ကြောင့်လျော့ဘိသနည်းဟူလိုသော်။ ။ဤသို့ဓမ္မဒေသနာတော်ကိုပြုပြီး၍သစ္စာလေးပါးတို့ကိုပြတော်မူ၏။သစ္စာလေးပါး ကိုပြတော်မူသည်၏အဆုံးဒွီလျော့သောဝိရိယရှိသောရဟန်းသည်မြတ် သောအရဟတ္တဖိုလ်ဒွီတည်လေ၏။ ။ဝဏ္ဏုပထဇာတကံဒုတိယံ။ ။

၃-သေရိဝဝါဏိဇာတ်။

(၃) နတ်နှင့်တကွသောလောကကိုဆုံးမတော်မူတတ်သောသဗ္ဗညုဗြတ်စွာဘုရားသည်။ဇာဓစေနံဝိရာဇေသိ,အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော၌သေရိဝဝါဏိဇတ်ကို၊သာဝတ္ထိပြည်ဇေတဝန်ကျောင်းကြီးဒွီနေတော်မူစဉ်၊ တယောံသော လျော့သောဝိရိယရှိသည် သာလျင်ဖြစ်သောရဟန်းကိုပင်အကြောင်းပြု၍ဟောတော်မူ၏။

ဇာဓ စေနံ ဝိရာဇေသိ၊သ·ဒ္ဓမ္မသာ နိယာမကံ။
စိရံ တွံ အနုတပ္ပေသိ၊သေရိဝါ·ယံ·ဝ ဝါဏိဇော။ ၃ ။

(၃) သေရိဝေါ၊သေရိဝအမည်ရှိသော။ အယံဝါဏိဇော၊၌ ရွဲကုန်သည်မိုက်သည်။ အနုတပ္ပတိဇ္ဈ၀၊အဘန်တလဲလဲစိုးရိမ်ရ၏သို့။ ဇဝံတထာ၊ထို့အတူ။ တွံ၊သင်သည်။ ဇာဓ၊၌သာသနာတော်ဒွီ။ သ·ဒ္ဓမ္မသာ၊သူတော်ကောင်းတရား၏။ နိယာမကံ၊ မှတ်ကြောင်း မြဲကြောင်းဖြစ်သော သောတာပတ္တိမဂ်ကို။စေဝိရာဇေသိ၊ အကယ်၍ရွံတ်ယွင်းစေအံ့။စိရံ၊အခါလေးမြင့်။အနုတပ္ပေသိ၊အဘန်တလဲလဲစိုးရိမ်ရလတ္တံ့။ ။အဓိပ္ပါယ်

ကား။ ရှေးဦးသေရိဝ အမည်ရှိသော ရွဲကုန်သည်သည် အဘိုးတဆိန်း ထိုက်သော ဖွေးခွက်ကိုမရ၍ ထိုဖွေးခွက်ကိုယူအံ့သောငှါ လုံ့လကိုမပြု မူ၍ ထိုဖွေးခွက်မှယုတ်သည်ဖြစ်၍ အဘန်တလဲလဲစိုးရိမ်ရ၏။ ထို့အတူ သင်သည်လည်း ဤသာသနာတော်၌စပ်သော ဖွေးခွက်နှင့်တူသောအရိ ယမဂ်ကိုလျော့သောဝိရိယရှိသည်၏အဖြစ်ကြောင့်မရ၍ထိုအရိယမဂ်မှ ယုတ်သည်ဖြစ်၍အဘန်တလဲလဲအစဉ်စိုးရိမ်ရလတ္တံ့။ ဝိရိယကိုအကယ် ၍မလျော့လတ္တံ့၊ ပညာရှိသော ရွဲကုန်သည်သည် ဖွေးခွက်ကိုရ၏သို့၊ ထို့ အတူ ငါဘုရားသာသနာတော်၌ ကိုးပါးအပြားရှိသည်လည်းဖြစ်သော လောကုတ္တရာတရားကိုရလတ္တံ့ဟူလိုသော်။ ။ဤသို့လျှင်ထိုရဟန်းအား မြတ်စွာဘုရားသည် အရဟတ္တဖိုလ်ဖြင့်ဒေသနာတော်၏အထွတ်ကို ယူ လျက်၊ ဤဓမ္မဒေသနာတော်ကို ပြတော်မူပြီး၍ သစ္စာလေးပါးတို့ကိုပြ တော်မူ၏။ သစ္စာကိုပြတော်မူသည်၏အဆုံး၌ လျော့သောဝိရိယရှိသော ရဟန်းသည်မြတ်သောအရဟတ္တဖိုလ်၌တည်၏)။ ။သေရိဝဇာတကံ တတိယံ။ ။

(၄) နတ်နှင့် တကွသောလူကိုဆုံးမတော်မူတတ်သောမြတ်စွာဘုရား သည်။အပ္ပကေနဝိမေဓာဝိ၊အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ် သော ဤဓမ္မဒေသနာကို ရာဇဂြိုဟ်ပြည်ကိုအဓိပ္ပြု၍ ဇီဝကဏ္ဍ အမွေဝန် ကျောင်း၌နေတော်မူစဉ်၊ စူဠပန်ထေရ်ကို အကြောင်းပြု၍ ဟောတော် မူ၏။ ။

အပ္ပကေန ဝိ မေဓာဝိ၊ပါဘဒေန ဝိစက္ခဏော။
သမုဒ္ဒါပေတိ အတ္တာနံ၊အဏုံ အဂ္ဂိံ·ဝ သ·န္ဓမံ။ ၄ ။

(၄) ပဏ္ဍိတော၊ပညာရှိသည်။ အဏု၊အနည်းငယ်သော။အဂ္ဂိ၊မီး ကို။သ·န္ဓမံသန္ဓမန္တော၊နှိုက်သိုးလေဖြင့်မှုတ်လျက်။ မဟန်္တံ၊ကြီးစွာသော။ အဂ္ဂိက္ခန္ဓံ၊မီးပုံကို။ ကရောတိဇာဝ၊ပြု၏သို့။ ဝိစက္ခဏော၊ကုန်သွယ်ခြင်း၌ ဥပါယ်အရေးအရာလိမ်မာမြေမြှင်သော။ မေဓာဝိ၊ပညာရှိသည်။ အပ္ပ ကေနဝိ၊ အနည်းငယ်လည်းဖြစ်သော။ ပါဘတေန၊အရင်းဥစ္စာဖြင့်။ မ ဟန်္တံ၊များစွာသော။ ဓနဉ္စ၊အတိုးအပွါးဥစ္စာကိုလည်း။ ယသဉ္စ၊အခြံအရံ ကိုလည်း၊ ဥပ္ပါဒေတွာ၊ဖြစ်စေ၍။ တတ္ထ၊ထိုမျှားပွာသောဥစ္စာအခြံအရံ၌။

အတ္တာနံ၊မိမိကိုယ်ကို။သမုဒ္ဒါပေတိ၊တည်စေ၏။ ။(၅)သို့မြတ်စွဲဘုရား သည်ဖူးပန်သည်ငါ့ကိုမှီ၍ယခုဆာခါဒွိတရားတို့ဒွိတရားတို့ဖြင့်မြတ်သည် ၏အဖြစ်သို့ရောဲသည်သာလျှင် မဟုတ်သေး။ဝှေးဒွိလည်း စည်းစိမ်တို့ဒွိ စည်းစိမ်တို့ဖြင့်မြတ်သည်၏အဖြစ်သို့ရောဲဘူးပြီဟု၊၅)သို့သောဒေသနာ တော်ဖြင့်ဘော်ပြတော်မူ၏)။ ။ဖူဠေသဒ္ဓါဇာတကံစတုတ္ထံ။ ။

၅-တတ္တုလနာဠိဇာတ်။

(၅) နတ်နှင့်တကွသောလူကိုဆုံးမတော်မူတတ်သော မြတ်စွာဘုရား သည်၊ကိုယ်အယ္ယိတိတတ္တုလနာဠိကာ၊အစဉ်ရှိသောဂါထာပုဒ်ဖြင့်တန်းဆါ ဆင်အပ်သော ၅)တတ္တုလနာဠိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေ တော်မူစဉ်၊ဃာဠုဒါယီမထေရ်ကိုအကြောင်းပြု၍ဟောတော်မူ၏။ ။

ကိုယ်အယ္ယိတိ တတ္တုလ-နာဠိကာ-ယံ၊အသဿနမူလာယ ဝဒေဟိ ရာဇ။ ဗါရာဏသိံ သန္ဓရ-ဗါဟိရတော၊အယ-မယ္ယိတိ တတ္တုလ-နာဠိကာ။ ၅။

(၅) မဟာရာဇ၊မြတ်သောမင်းကြီး။ အသဿနံ၊မြင်းတို့၏။ မူလာယ၊ အဘိုးဌါ။ ပဝတ္တာ၊ဖြစ်သော။ အယံတတ္တုလနာဠိကာ၊ ၅)တကွမ်းစား သောဆန်သည်။ ကိုယ်အယ္ယိတိ၊ အဘယ်မျှ ထိုက်သနည်း။ ဝဒေဟိ၊ဆို လော့။အယံတတ္တုလနာဠိကာ၊၅)ဆန်တကွမ်းစားသည်။ သန္ဓရ-ဗာဟိ ရတော သန္ဓရ-ဗာဟိံ၊အတွင်းဆပန့်တကွသော။ ဗာရာဏသိံ၊ဗာ ရာဏသိပြည်ကို။အယ္ယ တိ၊အကယ်ပင်ထိုက်သည်မှန်သလော။ ။(အ သဿနကား၊ အရိယသစ္စာနဒဿနံ,ကဲ့သို့နိဂ္ဂဟိတ်ကျ၊ကျသမျှကိုအ နက်ပေးရာဘော်။ ။ထိုအခါမင်းသည်ရဟန်သည်ဖြစ်၍ထိုအဘိုးပြတ် သောယောကျ်ားမိုက်ကိုအဘိုးပြတ်အရာမှချထား၍ဘုရားလောင်းအား သာလျှင်အဘိုးပြတ်အရာပေး၏)။ ။တတ္တုလနာဠိဇာတကံပဉ္စမံ။ ။

၆-ဒေဝဓမ္မဇာတ်။

(၆) နတ်နှင့်တကွသောလူကိုဆုံးမတော်မူတတ်သောသဗ္ဗညုမြတ် စွာဘုရားသည်၊ဟိရိဩတ္တပ္ပသမ္ပန္နာ,အစဉ်ရှိသောဂါထာပုဒ်ဖြင့်တန်းဆာ ဆင်အပ်သော၅)ဒေဝဓမ္မဇာတ်ကို၊ဇေတဝန်ကျောင်းကြီး၌ နေတော်မူ

စဉ်းမထင်ရှားသောမျှားသော ဥစ္စာရှိသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ။

ဟိရိ-သြတ္တပ္ပ-သမ္ပန္နာ၊သုက္က-ဓမ္မ-သမာဟိတာ။
သန္တော သ·ပ္ပုရိသာ လောကေ၊ဒေဝ-ဓမ္မာ·တိ ဝုစ္စရေ။ (၆)

